# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၃၁၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံ့စီးပွားရေး မြှင့်တင်မှုကဏ္ဍတွင် စိုက်ပျိုးရေးကို အဓိကထားအခြေခံ၍ လုပ်ဆောင်ခြင်းဖြစ် ဘီလီယံ ၄၀၀ အနက် ကျန်ရှိငွေများကို အခြားလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် ဩဂုတ် ၁၂

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရေး အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရည်ရွယ်ချက်အတိုင်း နိုင်ငံ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသအလိုက် ပြည်သူတို့၏ လူမှုစီးပွားဘဝနှင့် စီးပွားရေးမြင့်တက်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညီလာခံခန်းမဆောင်၌ ကျင်းပပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေလွှဲအပ်ခြင်းအခမ်းအနား၌ အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပေးအပ်စဉ်။

## သတင်းထုတ်ပြန်ချက်

### မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆိုင်ဖူဒင် အဗ္ဗဒူလာ၏ ပြောကြားချက်များအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာကန့်ကွက်

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ၈-၈-၂၀၂၂ ရက်နေ့က ကျင်းပခဲ့သည့် အာဆီယံနေ့အခမ်းအနားနှင့် ၁၀-၈-၂၀၂၂ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆိုင်ဖူဒင် အဗ္ဗဒူလာ၏ ပြောကြားချက်များအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာကန့်ကွက်ပါသည်။

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေသည့် မတရားအသင်းအဖွဲ့များနှင့် ထိတွေ့ဆက်ဆံရန် အာဆီယံအဖွဲ့ဝင်များအား တိုက်တွန်းသည့် မလေးရှားနိုင်ငံခြားရေးဝန်ကြီး၏ တာဝန်မဲ့ပြောကြားချက်များအပေါ် ပြင်းထန်စွာကန့်ကွက်ပါသည်။ ယင်းကဲ့သို့ မဆင်မခြင်ပြောကြားချက်များသည် နိုင်ငံတွင်းမငြိမ်မသက်မှုနှင့် အကြမ်းဖက်လုပ်ရပ်များကို အားပေးရာရောက်သည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း


*စာမျက်နှာ ၄ ကော်လံ ၁* ❍





# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းအဆင့်ကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့် အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်

**ဥတ္တရသီရိ ဩဂုတ် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းအဆင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ကျောင်းသားလူငယ်များအတွက် ကျန်းမာရေးအဆင့်အတန်း မြှင့်မားရေးသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ ယခု ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်တွင် ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ ကျရောက်သည့် ကျောင်းကျန်းမာရေးသီတင်းပတ်၌ တိုင်းအဆင့် အထိမ်းအမှတ် လှုပ်ရှားမှုများ ပြုလုပ်လျက်ရှိပြီး ပြည်ထောင်စုနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းများရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားကျောင်းသူ စုစုပေါင်း နှစ်သိန်းကျော်ခန့်ကို ပထမအကြိမ်ကျောင်းအခြေပြု သန်ချဆေး တိုက်ကျွေးသွားမည် ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီရိနွယ်က ကျန်းမာရေးဌာနမှ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများက စနစ်တကျလက်ဆေးခြင်း၊ ကလေးများ၏ သွားတိုက်နည်းစနစ်များ မှန်ကန်စွာ သရုပ်ပြမှုများကို လိုက်လံကြည့်ရှုကြောင်း သိရသည်။(ဝဲပုံ)

**ကျော်စွာဟိန်း(ပြန်/ဆက်)**

# မီးဘေးလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း(အထူး) အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း(အထူး) (Course on Fire Safety Management for Government Officials) အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။ **(ယာပုံ)**



အဆိုပါသင်တန်းကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ရက်သတ္တပတ် သုံးပတ်ကြာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်း သင်တန်းသား သင်တန်းသူ ၅၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များအပါအဝင် မီးလောင်မှုအခြေခံသဘောတရားများ၊ မီးအတန်းအစားခွဲခြားခြင်းနှင့် အတန်းအစားအလိုက် မီးငြိမ်းသတ်ခြင်းများ၊ အခြေခံမီးငြိမ်းသတ်နည်းစနစ်များ၊ မီး၊ ရေနှင့် အပူတို့၏ အခြေခံသဘောတရားများ၊ မီးဘေးလုံခြုံရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေး စီမံချက် (Emergency Response Plan) ရေးဆွဲခြင်းများ၊ ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းအတန်းအစား ခွဲခြားခြင်းများ၊ ရုံး/ လုပ်ငန်းခွင် မီးဘေးလုံခြုံရေးများ၊ ကျေးလက်/ မြို့ပြ မီးဘေးလုံခြုံရေးများ၊ အလိုအလျောက် မီးငြိမ်းသတ်ရေးစနစ်များ၊ အရေးပေါ်လူနာတင်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းများ၊ မီးသတ်စက်ကလေး လေ့ကျင့်ခန်းများ စသည့်ဘာသာရပ်များကို မီးသတ်ဦးစီးဌာနရှိ အရာရှိကြီးများနှင့် ပြင်ပမှ ကျွမ်းကျင်ပညာရှင်များက စာတွေ့လက်တွေ့သင်ကြားပေးခဲ့ပြီး မီးသတ်ယာဉ်/ စက်ယန္တရားများဖြင့် သရုပ်ပြသခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**အောင်နိုင်ဝင်း**




## မိုးပိုနေမည်

**နေပြည်တော် ဩဂုတ် ၁၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီး တစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

မြန်မာ့အလင်း

# နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် တွန်းအားပေးသည့် အရင်းအနှီး

နိုင်ငံတော်၏ အဓိက စီးပွားရေးမဏ္ဍိုင်ဖြစ်သော လယ်ယာစီးပွားမြှင့်တင်ရေးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ စီးပွားရေး မြှင့်တင်ရေးတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေများကို ပြည်ထောင်စု ဝန်ကြီးဌာန နှစ်ခု၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုတို့သို့ အသီးသီးလွှဲပြောင်း ပေးအပ်လိုက်သည်။ ရန်ပုံငွေများ ခွဲဝေလွှဲပြောင်းပေးအပ်ခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံ့စီးပွားရေးမြင့်မားလာစေရန်နှင့် တစ်ပြိုင်တည်းမှာပင် ဒေသအသီးသီးရှိ ပြည်သူများအားလုံး၏ လူမှုစီးပွားဘဝများနှင့် စီးပွားရေးမြင့်တက်လာစေရေးအတွက် ဖြစ်သည်။

"လွန်ခဲ့တဲ့နှစ်များအတွင်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းများ ပြန်လည်နာလန်ထလာစေဖို့အတွက် ချေးငွေများထုတ်ပေးခဲ့တာရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် သိသာတဲ့ တိုးတက်မှုတော့ မရသေးပါဘူး။ ဒါကြောင့် စီးပွားရေးအား ပိုမိုကောင်းလာစေဖို့ ကုန်ထုတ်လုပ်မှုကို ဦးစားပေးတဲ့ ယခုလို ထပ်မံဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အမြန်အကျိုးရလဒ်ဖြစ်စေမယ့် (Quick Win) လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းအတွက် ပထမဦးစားပေး ဆောင်ရွက်သွား ပါမယ်။ လာမယ့် နွေစပါးနဲ့ ဆောင်းသီးနှံများအနက် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်း စိုက်ပျိုးရေး၊ ကြက်၊ ဝက်၊ ငါး၊ ပုစွန်မွေးမြူရေးနဲ့ တစ်သီးချင်း တစ်သုတ်ချင်း ငွေကြေးစိုက်ထုတ်ပေးပြီး ဆောင်ရွက်ပါမယ်။ ဒုတိယဦးစားပေးက အဲဒီထွက်ကုန်များကို ကုန်ချောဆောင်ရွက်ပေးတဲ့ စက်ရုံ အလုပ်ရုံများအဆင့်မြှင့်တင်ရေး၊ SME မှာ အကျုံးဝင်မယ့် စက်ရုံများ တည်ထောင်ရေးကို ထောက်ပံ့ဆောင်ရွက်ပါမယ်" ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈ လပြည့် မိန့်ခွန်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ခွဲဝေထုတ်ပေးလိုက်သည့် ရန်ပုံငွေများသည် အရင်းမပျောက် လည်ပတ်လုပ်ကိုင်သွားရမည့် အရင်းအနှီးများဖြစ်သည့်အလျောက် အကျိုးရှိရှိ၊ ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ရန်နှင့် အလေအလွင့်မရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ ကုန်ထုတ်လုပ်မှုမြှင့်တင်ရာတွင် ကုန်ချောထုတ်လုပ်သည်အထိ ဆောင်ရွက်သွားရမည်ဖြစ်ရာ အသေးစား၊ အငယ်စား၊ အလတ်စား စက်ရုံ အလုပ်ရုံများ လည်ပတ်လုပ်ကိုင်နိုင်ရေး အားပေးဆောင်ရွက်ရမည့်နည်းတူ ပြည်ပမှ တရားမဝင်တင်သွင်းလာသည့် အမျိုးအစားတူ ကုန်စည်များကိုလည်း စိစစ်တားဆီးပိတ်ဆို့မှု၊ ကန့်သတ်မှုတို့ ပြုလုပ်ခြင်းဖြင့် ပြည်တွင်းထုတ်ကုန်များ၏ ဈေးကွက်ကို ဝင်ရောက်လုယက်မှုမျိုး မဖြစ်စေရန် ထိရောက်စွာ ဆောင်ရွက်ပေးရမည့်လည်း ဖြစ်သည်။ ပြည်တွင်းထုတ်လုပ်သူများအနေဖြင့်လည်း ပြည်တွင်းဈေးကွက်သာမက ရေရှည်တွင် နိုင်ငံတကာဈေးကွက်၌ ဝင်ရောက်ပြိုင်ဆိုင်နိုင်သည်အထိ ရည်မှန်းချက်ထားကာ မိမိတို့ ကုန်စည်၏ အရည်အသွေး၊ ဈေးနှုန်းနှင့် ထုပ်ပိုးမှုတို့ကို စားသုံးသူတို့အကြိုက် ဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခြင်းကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းများတွင် လုပ်ငန်းများကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ကြမည်ဖြစ်ရာ မိမိတို့၏ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက် အလုပ်လုပ်ကြရန် သာလိုအပ်သည်။ အမြန်အကျိုးရလဒ်ဖြစ်ပေါ်စေမည်ဖြစ်သည့်အလျောက် မှန်ကန်သည့် ဦးဆောင်မှု၊ ထိရောက်သည့် စီမံခန့်ခွဲမှု၊ စုပေါင်းညီညာ တက်ကြွစွာ ပူးပေါင်းလုပ်ကိုင်အကောင်အထည်ဖော်မှုတို့ဖြင့် လာမည့်ခြောက်လခန့်မျှကာလအတွင်း အလုပ်အကိုင် အခွင့်အလမ်းများစွာ ပေါ်လာခြင်း၊ အလုပ်လုပ်သူတိုင်း ဝင်ငွေရရှိလာခြင်း၊ ဝယ်လိုအားတိုးတက်လာခြင်း၊ ရောင်းကုန်ပစ္စည်းများ တိုးတက်လာသည့်အတွက် တိုင်းပြည်ဝင်ငွေတိုးတက်လာခြင်းစသည့် တိုးတက်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်လာနိုင်မည်ဖြစ်ပါကြောင်း။ ။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေလွှဲအပ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပေးအပ်စဉ်။

❖ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် တိုင်းတို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက် စီမံဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေလွှဲအပ်ခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ယခုအခမ်းအနားကို ပြုလုပ်ခြင်းပင်ဖြစ်ကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရန် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လယ်ယာစီးပွားမြှင့်တင်ရေးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ စီးပွားရေးမြှင့်တင်ရေးဟူ၍ နှစ်မျိုးခွဲမြှင့်တင်ဆောင်ရွက်နိုင်ရန် စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**ယခင်နှစ်များတွင် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ပေးရေးအတွက် အခက်အခဲရှိခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူစဉ် အစောပိုင်းကာလများ၌ နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုများ၊ စီးပွားရေးအရ တိုက်ခိုက်မှုများ များစွာရှိခဲ့ပြီး ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်မှု ပျက်ယွင်းကာ နိုင်ငံ့ စီးပွားရေးပြိုလဲသွားစေလိုသည့် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်လျက်ရှိသည့် ပြည်တွင်း၊ ပြည်ပမှ အနှောင့်အယှက်မျိုးစုံကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့်လည်း နိုင်ငံ့စီးပွားရေးထိခိုက်ခဲ့ရမှုရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခင်နှစ်များက စီးပွားရေးဆောင်ရွက်နိုင်ရန် အရင်းအနှီးထုတ်ပေးရန်အတွက် အခက်အခဲများ ရှိခဲ့ခြင်းဖြစ်ကြောင်း။

**စီးပွားရေးနှင့် နိုင်ငံရေး**

နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးတိုးတက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် နိုင်ငံရေးသည် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နိုင်ငံရေးသည်လည်း တည်ငြိမ်မည်ဖြစ်ကြောင်း၊ စီးပွားရေးတွင် ကုန်ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားခြင်းဟူ၍ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နှစ်စဉ်တွက်ချက်၍ စီမံကိန်းများ လျာထားချမှတ်ဆောင်ရွက်ရကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်အလိုက် ဘတ်ဂျက်ငွေများကို လျာထားဆောင်ရွက်ကြကြောင်း၊ မိမိတို့နိုင်ငံ၏ GDP ပမာဏသည် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသည်ကို တွေ့ရှိရကြောင်း၊ ငွေကြေးတန်ဖိုးပြောင်းလဲမှုများကြောင့် ပြောင်းလဲခြင်းနှင့် ထုတ်ကုန်ပစ္စည်း volume တက်လာခြင်းကြောင့်လည်း GDP တိုးပွားလာရခြင်းမျိုးရှိနိုင်ကြောင်း၊ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ကိုကြည့်၍ စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များအနေဖြင့် ချိန်ထိုးပြီး ဆောင်ရွက်ကြရန်မှာကြားနေခြင်းဖြစ်ကြောင်း၊ အမှန်တကယ်တိုးတက်မှု ရှိ၊ မရှိကို စစ်ဆေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုတွင် Supply & demand မျှခြေရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို ကြုံရမည်ဖြစ်ကြောင်း။

**စီးပွားရေးတွင် အဓိကကျသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်**

ထို့ကြောင့် စီးပွားရေးတွင် ကုန်ထုတ်မှုသည် အဓိကကျသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့သည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်သဖြင့် ယခုကဲ့သို့ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေး ရန်ပုံငွေအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် လျှင်မြန်စွာ တိုးတက်အောင်မြင်နိုင်သည့် (Quick Win)နှင့် စိုက်ပျိုးရာသီနှင့် ကိုက်ညီမှုရှိသည့် နွေစပါးနှင့် ဆောင်းသီးနှံတို့ကို ထောက်ပံ့ပေးနိုင်မည့် အခြေအနေကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နွေစပါးနှင့် နိုင်ငံ၏ အဓိကပြည်ပပို့ကုန်တစ်ခုဖြစ်သည့် ပဲတီစိမ်းစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ရန်ပုံငွေပေးအပ်ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဖြစ်ပြီး စိုက်ပျိုးမည့် တောင်သူများအနေဖြင့်လည်း ၎င်းတို့ရင်းနှီးမြှုပ်နှံမည့် ငွေကြေးများကို အခြားနေရာများတွင် ရင်းနှီးသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှိပါက ဝင်ငွေရမည်ဖြစ်ပြီး ပြည်တွင်းဝယ်လိုအား တက်လာမည်ဖြစ်ကာ ပြည်တွင်းရောင်းအားများလည်း တက်လာမည်ဖြစ်သဖြင့် ကောင်းမွန်သည့် လုပ်ငန်းလည်ပတ်မှုတစ်ခုပင်ဖြစ်ကြောင်း။

ယခုထုတ်ပေးသည့် ရန်ပုံငွေများသည် နိုင်ငံတော်မှ ရင်းနှီးငွေပေးအပ်ထားခြင်းဖြစ်ပြီး နောင်လာမည့် ရာသီတွင်လည်း ပြန်လည်ရရှိလာမည့် ၎င်းငွေကြေးကိုပင် ရင်းနှီးမြှုပ်နှံနိုင်ရန် ထပ်မံထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရင်းနှီးဆောင်ရွက်ရာတွင် ရောင်းကုန်ပစ္စည်းများ ဖြစ်စေရေး စဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ၎င်းမှတစ်ဆင့် ပြည်ပသို့တင်ပို့ရောင်းချ၍ နိုင်ငံခြားငွေ ပြန်ရှာရမည်ဖြစ်ပြီး ရရှိလာသည့် ငွေကြေးများကို နိုင်ငံခြားငွေအသုံးပြု၍ တင်သွင်းရသည့် စိုက်ပျိုးရေးသွင်းအားစုသွင်းကုန်များနှင့် အခြားလိုအပ်သည့် သွင်းကုန်များကို တင်သွင်းရာတွင် အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

တိုက်တွန်းပြောကြားလိုကြောင်း၊ ယင်းနှင့် ဆက်စပ်၍ ဆန်စက်၊ ဆီစက်၊ ပဲခွဲစက် အစရှိသည့် SME လုပ်ငန်းများကိုလည်း လုပ်ငန်းလည်ပတ်မှု ကောင်းမွန်အောင်မြင်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသုံးနှင့်အဖြုန်းကို စိစစ်ဆောင်ရွက်ကြစေလိုပြီး မလိုလားအပ်သည့် လေလွင့်မှုများ မဖြစ်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**ပြည်တွင်းခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး**

ထို့ပြင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာ၌ ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး တိုင်းပြည်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေး၊ တည်းခိုရေး၊ ဧည့်ခံရေး၊ ကျွေးမွေးရေးအပါအဝင် အခြားဆက်နွယ်သည့် စီးပွားရေးများစွာရှိသဖြင့် စနစ်ကျနမှုရှိသည့် ခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် မိမိတို့ဒေသအတွင်းရှိ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး၊ လုံခြုံချောမွေ့စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းဖြင့် ကုန်စည်စီးဆင်းမှုများ မြန်ဆန်ကောင်းမွန်လာပြီး ဒေသ၏ စီးပွားရေးသည်လည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ယနေ့ နိုင်ငံ့စီးပွားရေးမြှင့်တင်မှု ရန်ပုံငွေပေးအပ်ခြင်းမှ ဆက်စပ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများစွာရှိသဖြင့် ယခုရန်ပုံငွေကို အကျိုးရှိရှိ အသုံးချစေလိုကြောင်း။

**ပြည်တွင်း အထည်လုပ်ငန်း**

အလားတူ ပြည်တွင်း အထည်လုပ်ငန်းကိုလည်း အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်တွင်း ဝါစိုက်ပျိုးမှုပမာဏသည် လုံလောက်မှုရှိသည်ဖြစ်သော်လည်း ဝါကို ပြည်ပပို့ပြီး ပြည်ပမှ ချည်ထည်များ တင်သွင်းမှုများစွာရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၌ အထည်လုပ်ငန်း၊ အထည်ရက်စက်မှုလုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် စက်ကိရိယာများ၊ ကုန်ကြမ်းများ အဆင့်မြှင့်တင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ပြည်ပမှ တင်သွင်းနေရမှုများတွင် အစားထိုးနိုင်ရမည်ဖြစ်ကြောင်း။

ယနေ့ပြုလုပ်သည့် နိုင်ငံ့စီးပွားရေးမြှင့်တင်မှု ကဏ္ဍတွင် စိုက်ပျိုးရေးကို အဓိကထား အခြေခံ၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ဘီလီယံ ၄၀၀ အနက် ကျန်ရှိငွေများကို အခြားလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ဆွေးနွေးတိုင်ပင်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ချက်ရှိသည့် ဒေသများ အနေဖြင့်လည်း သီးခြားအစီအစဉ်ဖြင့် လိုအပ်ပါက တင်ပြနိုင်ကြောင်း၊ အချို့လုပ်ငန်းများသည် မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်၍ ရနိုင်မည်ဖြစ်ပြီး ဒေသတွင်း၌ ၎င်းငွေကို တိုးပွားအောင် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် မတည်ပေးခြင်းပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေကိုပေးအပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့မှ ဝန်ကြီးချုပ်များ၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့နှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ ဥက္ကဋ္ဌများက အသီးသီးလက်ခံရယူကြသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ပုံငွေထုတ်ယူသုံးစွဲမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယနေ့ပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ်ဘီလီယံ ၄၀၀ မှ ရန်ပုံငွေလွှဲအပ်မှုအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ၁၇၀ ဘီလီယံ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ ၆၀ ဘီလီယံ၊ မြစိမ်းရောင်စီမံကိန်းများ လွတ်လပ်စွာဆောင်ရွက်နိုင်ရန် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့သို့ ပြည်နယ်တစ်ခုလျှင် ၁၀ ဘီလီယံ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုလျှင် ၈ ဘီလီယံ၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့နှင့် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့သို့ ဒေသတစ်ခုလျှင် ၅ ဘီလီယံ စသည်ဖြင့် လွှဲအပ်ပေးခဲ့ပြီး စုစုပေါင်းငွေကျပ်ဘီလီယံ ၃၃၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*○ ရှေ့ဖုံးမှ*

ချိုးဖောက်ရာရောက်ပြီး ယင်းပြောကြားချက်များသည် အာဆီယံ ပဋိညာဉ်စာတမ်း အပိုဒ်(၂) အပိုဒ်ခွဲ (င)နှင့်(စ)ကိုလည်းကောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း ၏ အပိုဒ်(၂) အပိုဒ်ခွဲ(၇)ကိုလည်းကောင်း ချိုးဖောက်ရာရောက်ပါသည်။

တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်တွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများမဟုတ်သည့်နိုင်ငံများကို ပါဝင်လာစေရန် ပြောဆိုချက်များသည် အာဆီယံ၏ အချက်အချာကျမှုကို လျော့ပါးစေပြီး အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်၏ လုပ်ဆောင်ချက်များကိုလည်း လမ်းကြောင်းလွဲမှားစေမည်ဖြစ်သည်။

အာဆီယံက မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်သည့် လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံက ပူးပေါင်းပါဝင်ခြင်း မရှိကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး၏ စွပ်စွဲပြောဆိုမှုသည် မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးဆိုင်ရာ အာဆီယံညှိနှိုင်းရေးဗဟိုဌာန (AHA စင်တာ) မှတစ်ဆင့် လူသားချင်းစာနာမှု အကူအညီများပေးအပ်ရာတွင် သိသာထင်ရှားသည့် တိုးတက်မှုများကို လျစ်လျူရှုရာရောက်ပြီး မြန်မာနိုင်ငံအစိုးရ၏ AHA စင်တာနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကြိုးပမ်းဆောင်ရွက်ချက်များကို အသိအမှတ်ပြုခြင်းမရှိသည့်အတွက် ပြင်းထန်စွာ ကန့်ကွက်ပါသည်။

မြန်မာနိုင်ငံ၌ ငြိမ်းချမ်းတည်ငြိမ်မှုကို အမှန်တကယ်တွေ့မြင်လိုသည့်ဆန္ဒရှိသည့် မည်သည့်အာဆီယံအဖွဲ့ဝင်နိုင်ငံမဆို မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆိုးရွားစွာထိခိုက်စေမည့် ယခုကဲ့သို့ ပြောကြားချက်မျိုးကို ရှောင်ရှားသင့်ပါသည်။ သို့ပါ၍ မလေးရှားနိုင်ငံခြားရေးဝန်ကြီးမှ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် တာဝန်မဲ့ပြောကြားချက်များကို ထပ်ခါထပ်ခါ ပြောကြားနေမှုများအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာကန့်ကွက်ပါသည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနသို့လည်း ကန့်ကွက်စာပေးပို့ခဲ့ကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်**

---

## ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်း စားသုံးဆီများ ဈေးကားဖြင့် လှည့်လည်ရောင်းချ

**နေပြည်တော် ဩဂုတ် ၁၂**

စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် Diamond Dragon Co.,Ltd က ဘူးသွင်းဆီ (Consumer Pack) များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌ ဈေးကားဖြင့် လှည့်လည်၍ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဈေးကားဖြင့် လှည့်လည်၍ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို ဩဂုတ် ၁၀ ရက်တွင် နေပြည်တော်ကောင်စီဝင်းအတွင်းရှိ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများတွင်လည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)တွင် လည်းကောင်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

**အောင်ကိုကို**
**(ခရိုင်ပြန်/ဆက်)**



## ❍ နိုင်ငံအတွင်း စုစည်းနေထိုင်ကြသည့် တိုင်းရင်းသားတို့၏ ရိုးရာဂီတကို ဖန်တီးသော အခြေခံတူရိယာများသည် "ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်" ဆိုသည့် မြန်မာတို့၏ မူလတူရိယာငါးပါးတွင် တစ်ထပ်တည်း ပါဝင်တူညီနေကြသကဲ့သို့ တိုင်းရင်းသားများ၏အက အခြေခံမှုအားလုံးသည်လည်း "ခေါင်း၊ ခါး၊ ခြေ၊ လက်" ဆိုသည့် မြန်မာနိုင်ငံသားအားလုံး၏ အကအခြေခံစနစ်တွင် တစ်ထပ်တည်း အခြေတည်လျက်ရှိနေ

❖ ကျောဖုံးမှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ဖြစ်တည်ပေါ်ပေါက်လာမှုနှင့် နှစ်ကာလများစွာ အရှည်တည်တံ့မှုဟူသော သမိုင်းကြောင်းများသည် ဖြစ်တည်ပေါ်ပေါက်လာခဲ့သည့် နိုင်ငံ၏ လုံခြုံရေး၊ စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုရေးရာ အခန်းကဏ္ဍများအပြင် စည်းလုံးညီညွတ်မှုသည်လည်း ဆက်စပ်လျက်ရှိကြကြောင်း၊ ယဉ်ကျေးမှုဟူသည့် အခန်းကဏ္ဍကို ထပ်မံခွဲခြမ်းစိတ်ဖြာလျှင် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုတို့ ပါဝင်လျက်ရှိသည်ကို တွေ့မြင်သိရှိနိုင်ကြောင်း။

### သမိုင်းနှင့်ချီကာ တည်ရှိနေ

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ဖြစ်သည့် ယူနက်စကိုအဖွဲ့ကလည်း ရုပ်ပိုင်းဆိုင်ရာ







အကဲဖြတ်ပညာရှင်များက ဆွေးနွေးတင်ပြစဉ်။

ဒြပ်ရှိယဉ်ကျေးမှု နှင့် စိတ်ပိုင်းဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုဟု သတ်မှတ်ထားကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၌ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုပေါင်း မြောက်မြားစွာသည် သမိုင်းနှင့်ချီကာ တည်ရှိနေခဲ့ပြီး ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နေထိုင်ရာရေမြေဒေသသဘာဝကိုလိုက်၍ ဘာသာစကားများနှင့် ယုံကြည်သက်ဝင်သည့် ဓလေ့ထုံးတမ်းများကွဲပြားမှုများရှိသကဲ့သို့ တူညီသည်များလည်း ရှိကြကြောင်း၊ အားလုံးအတွက် "ဘုံ" သဘောဆောင်သည့် တူညီမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို အတူတကွ မြတ်နိုးထိန်းသိမ်းမှုဆိုသည့် အခြေခံစိတ်ဓာတ်ပင်ဖြစ်ကြောင်း။

နိုင်ငံအတွင်း စုစည်းနေထိုင်ကြသည့် တိုင်းရင်းသားတို့၏ ရိုးရာဂီတကို ဖန်တီးသော အခြေခံတူရိယာများသည် "ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်" ဆိုသည့် မြန်မာတို့၏ မူလတူရိယာငါးပါးတွင် တစ်ထပ်တည်းပါဝင်တူညီနေကြသကဲ့သို့ တိုင်းရင်းသားများ၏ အကအခြေခံမှုအားလုံးသည်လည်း "ခေါင်း၊ ခါး၊ ခြေ၊ လက်" ဆိုသည့် မြန်မာနိုင်ငံသားအားလုံး၏ အကအခြေခံစနစ်တွင် တစ်ထပ်တည်း အခြေတည်လျက်ရှိနေကြောင်း။

၁၉၉၃ ခုနှစ်တွင် စတင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် ၂၀၁၆ ခုနှစ်တွင်ရပ်တန့်ခဲ့ကြောင်း၊ အကျိုးဆက်အားဖြင့် မျိုးဆက်သစ်လူငယ်လူရွယ်များအကြား မြန်မာ့ရိုးရာအမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ တိမ်ကောစပြုလာခြင်း၊ ထိန်းသိမ်းပြန့်ပွားနိုင်သည့် ပညာရှင်များလျော့ပါးလာခြင်း၊ ရိုးရာယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် လှုပ်ရှားမှုများ ခေါင်းထောင်လာရုံမျှမက ရိုးရာယဉ်ကျေးမှု၏ အမွေအနှစ်အချို့ကို ပညာရှင်ကြီးများ စိတ်မချမ်းမသာဖြစ်ရသည်အထိ ထိပါး သွေးတိုးစမ်းခြင်းများရှိလာကြောင်း၊ အနုသုခုမ ယဉ်ကျေးမှုနှင့် မိရိုးဖလာဓလေ့ထုံးတမ်းများသည် အပြန်အလှန် အမှီသဟဲပြု၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ရိုးရာယဉ်ကျေးမှုအနုသုခုမများ မှေးမှိန်သွားသည့်အခါ နေ့စဉ်ဖြတ်သန်းရသည့်လူမှုဘဝများတွင် အပြန်အလှန်လေးစားမှု၊ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားဆိုပြီး အလေးထားကြသည့် မိရိုးဖလာ ဂါရဝတရားများပါ ကွယ်ပျောက်လုနီးပါးဖြစ်လာခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို လွှဲပြောင်းတာဝန်ယူစဉ် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များချမှတ်ပြီး စနစ်တကျ ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက် ၉ ရပ်၏ လူမှုရေးဦးတည်ချက်များတွင် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"ဆိုသည့် ဦးတည်ချက်ကို တိကျစွာထည့်သွင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မကျင်းပနိုင်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ဆောင်ရွက်နေသည့် ဦးတည်ချက်နှင့်အညီ (၂၃) ကြိမ်မြောက်အဖြစ် ယခင်ကာလများကဲ့သို့ ခံ့ညားထည်ဝါစွာ ပြန်လည်ကျင်းပနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် မေ ၅ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "နိုင်ငံတော်အနေဖြင့် မကြာမီကာလတွင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် ကဏ္ဍပေါင်းစုံမှ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေးနှင့် ပြိုင်ပွဲများတွင် တရားမျှတမှုရှိအောင် ကြိုတင်စီမံဆောင်ရွက်ထားရှိရန်" ဟု လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို တာဝန်ယူကျင်းပဆောင်ရွက်ကြမည့် လုပ်ငန်းကော်မတီနှင့် ကော်မတီ၊ ဆပ်ကော်မတီများတွင် တာဝန်ယူဆောင်ရွက်ကြရသူများအနေဖြင့် ရရှိထားပြီးဖြစ်သည့် အတွေ့အကြုံ အရည်အချင်းများကို အခြေတည်ပြီး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်ပြီး ထူးချွန်ထက်မြက် ထိုက်တန်သူများကို ထိုက်တန်သည့်အလျောက် ချီးမြှင့်နိုင်ရန် ဝိုင်းဝန်းပံ့ပိုးကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

ယခုနှစ် ကျင်းပမည့် (၂၃) ကြိမ်မြောက် ပြိုင်ပွဲကြီးတွင် ယခင်နှစ်များနည်းတူ အဆိုဘာသာရပ်အနေဖြင့် ပြိုင်ပွဲအမျိုးအစား သုံးခု၊ အက ဘာသာရပ်အနေဖြင့် ပြိုင်ပွဲအမျိုး အစား ရှစ်ခု၊ အရေးဘာသာရပ်အနေဖြင့် ပြိုင်ပွဲအမျိုးအစား တစ်ခုနှင့် အတီးဘာသာရပ်အနေဖြင့် ပြိုင်ပွဲအမျိုးအစား ၁၃ ခုတို့ကို ထည့်သွင်းကျင်းပရန် စီစဉ်ထားကြသည်ကို သိရကြောင်း။

### ကောင်းမြတ်သည့် အစဉ်အလာ

အကပြိုင်ပွဲတွင် တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲအနေဖြင့် မွန်ရိုးရာအကကို စုပေါင်းပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားညီအစ်ကို မောင်နှမများ အချင်းချင်း တစ်ဦး၏ယဉ်ကျေးမှုအနုသုခုမပညာ၊ သီဆို တီးမှုတ်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ဓလေ့ထုံးတမ်းများကို တစ်ဦးက လေ့လာသိရှိခွင့်၊ လေးစားလိုက်နာဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ အဆို၊







အကဲဖြတ်ပညာရှင်များက ဆွေးနွေးတင်ပြစဉ်။

အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ကောင်းမြတ်သည့် အစဉ်အလာတစ်ရပ်လည်းဖြစ်ကြောင်း။

မြန်မာ့အနုသုခုမသဘင်၏ နှုတ်မှုစွမ်းရည်ပညာရပ် အတတ်ပညာဖြစ်သည့် "ကွက်စိပ်" ပညာရပ်သည်လည်း တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေကြောင်း၊ ကွက်စိပ်ပြိုင်ပွဲကိုလည်း အစဉ်အလာမပျက် ဆက်လက်ထည့်သွင်း ယှဉ်ပြိုင်သွားဦးမည်ဟု သိရကြောင်း၊ အမြင့်သဘင်ဟု တင်စားသတ်မှတ်ခဲ့ကြသည့် မြန်မာ့ရုပ်သေးကြိုးဆွဲပညာသည် ဒေသတွင်းသာမက နိုင်ငံတကာအထိ ထိုးဖောက်နိုင်ခဲ့သည့် အနုပညာရပ်ဖြစ်ကြောင်း၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကြောင့် ရုပ်သေးပညာရှင် မျိုးဆက်သစ်ပေါင်းများစွာကို လက်ဆင့်ကမ်း မွေးထုတ်ပေးနိုင်ကြောင်း၊ နိုင်ငံတကာစိတ်ဝင်စားမှုနှင့်အတူ နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်သည့် အတိုင်းအတာတစ်ခုအထိ ထိုးဖောက်နိုင်ခဲ့ပြီဖြစ်ကြောင်း။

အထူးအားဖြင့် ယခု (၂၃) ကြိမ်မြောက်တွင် ဇာတ်သဘင်ပြိုင်ပွဲအဖြစ် ထည့်သွင်းယှဉ်ပြိုင်မည့် "ရာမာယဏ" ဇာတ်တော်ကြီးသည် အစဉ်အလာကြီးမားသည့် ဇာတ်တော်ကြီးဖြစ်ကြောင်း၊ ရာမာယဏဇာတ်တော်ကြီးကို မြန်မာသက္ကရာဇ် ၁၁၂၅ ခုနှစ်၊ ဆင်ဖြူရှင်မင်း လက်ထက်မှစ၍ နန်းတွင်းရာမဇာတ်အဖြစ် စတင်ကပြခဲ့သည်ကို မှတ်သားသိရှိရကြောင်း၊ ရာမာယဏဇာတ်တော်ကြီးကို မြန်မာ့သဘင်၏ အနှစ်သာရဖြစ်သည့် ဆို၊ ငို၊ ပြော ပညာရပ်များ၊ မဟာဂီတဝင် တေးသီချင်းများ၊ ဇာတ်ပို့ဆိုင်းတီးချက်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြလိမ့်မည်ဟု မျှော်လင့်ကြောင်း။

### ထည်ဝါခံ့ညားစွာ ကျင်းပနိုင်ရေး

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ ပြိုင်ပွဲကြီး၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ထည်ဝါခံ့ညားစွာ ကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးဆိုင်ရာကိစ္စရပ်များ၊ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆုချီးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် အခြားအုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအနေဖြင့် ပွင့်လင်းစွာ ဆွေးနွေးပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဦးတည်ချက်များ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဖွဲ့စည်းထားရှိမှုများနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့် အကဲဖြတ်ပညာရှင်များက (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် ဩဂုတ် ၁၂**

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂျူဒိုအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ **"၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ"** ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A) ၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစောဒန်နီယယ်နှင့် ဒေါက်တာ ဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း ဇံ၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဂျူဒိုအားကစားနည်းသည် ဂျပန်လူမျိုးများ၏ ရိုးရာအားကစားနည်းတစ်ရပ် ဖြစ်ပြီး မြန်မာနိုင်ငံမှ လူငယ်/လူရွယ်အများအပြား စိတ်ပါဝင်စားစွာဖြင့် လေ့ကျင့်ကစားနိုင်သည့် ကိုယ်ခံပညာရပ်တစ်ခု ဖြစ်ကြောင်း၊ ဂျူဒိုအားကစားနည်းသည် ၁၉၆၅ ခုနှစ် (၃) ကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲမှ ၂၀၁၉ ခုနှစ် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအထိ ရွှေတံဆိပ် ၂၅ ခု၊ ငွေတံဆိပ် ၆၂ ခုနှင့် ကြေးတံဆိပ် ၇၄ ခုတို့ကို ဆွတ်ခူးရရှိခဲ့ကြောင်း၊ ထို့ပြင် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ဂျူဒိုအားကစားနည်းဖြင့် ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု၊ ကူရတ်အားကစားနည်းဖြင့် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု ဆွတ်ခူး ရယူပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲများမှ ထူးချွန်မျိုးဆက်သစ် အားကစားသမားများကို စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးရန်နှင့် အောင်မြင်မှု အစဉ်အလာကောင်းများကို မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ်အနေဖြင့် ဆက်လက်ထိန်းသိမ်းထားရန်လိုကြောင်း။

နိုင်ငံတော်မှ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစားသမားများ၏ ရေရှည်ဘဝအာမခံချက်ရရှိစေရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် အားကစားလှုပ်ရှားမှုများ မပြုလုပ်နိုင်တော့သည့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများအတွက် ထောက်ပံ့ကူညီနိုင်ရေး အစီအမံများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခု ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအနေဖြင့် ယှဉ်ပြိုင်ခြင်းသည် အဓိကဖြစ်သလို အနိုင်ရခြင်းသည်လည်း ပဓာနကျသည်ဆိုသော ခံယူချက်နှင့် မိမိတို့ ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်း အနိုင်ရရှိရေးအတွက် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် အားကစားသမား အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အားကစားသမားကောင်း စိတ်ဓာတ်အပြည့်အဝဖြင့် သတ်မှတ်ထားသော ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများကို လေးစားလိုက်နာပြီး နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားပြီး **"၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ"** ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများမှ အားကစားသစ္စာအဓိဋ္ဌာန်(၄) ချက် ရွတ်ဆိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်ပြီး ပထမနေ့ **ဂျူဒိုပြိုင်ပွဲ (အမျိုးသား)ခတ** ပွဲစဉ် နှစ်ယောက်တွဲအသင်းလိုက် ပြိုင်ပွဲသရုပ်ပြ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ **"၂၀၂၂ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ"** ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အမျိုးသားအသင်း ၁၂ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၁၃ သင်းမှ အသင်းအုပ်ချုပ်သူ/နည်းပြ၊ အားကစားသမားအင်အား စုစုပေါင်း ၂၃၇ ဦးဖြင့် ပြိုင်ပွဲကာလ **ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)** ၌ ကျင်းပသွားမည်ဖြစ်ရာ ဂျူဒိုအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို **အခမဲ့** လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်း သား/သမီးများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကျောင်းသူတစ်ဦးအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဝန်ထမ်းများ၊ ဆုရရှိသည့် ဝန်ထမ်းသားသမီးများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်ထိ တက်ရောက်ပညာ သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၀ အတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ပြီး ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျော့ဖုံးမှ*

ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုသင်တန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများကို ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း တက်ရောက်ပြီးစီးကြောင်း အသိအမှတ်ပြု လက်မှတ်ပေးအပ်နိုင်စေရန် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံဥပဒေ ဘာသာရပ်၊ စီးပွားရေး စာချုပ်စာတမ်းများ စိစစ်ခြင်း ဘာသာရပ်၊ အထွေထွေ ဥပဒေအကြံပေးရေး ဘာသာရပ်၊ ပြစ်မှုဆိုင်ရာနှင့် အထူးဥပဒေများ လက်တွေ့အသုံးချမှု ဘာသာရပ်နှင့် တရားမဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ပြီး သင်ကြားပို့ချခဲ့သည့် ဘာသာရပ်များသည် သင်တန်းသားများနှင့် ဌာနအတွက် လက်တွေ့အသုံးဝင်သည့် ဘာသာရပ်များဖြစ်ပါကြောင်း၊ ပို့ချသူများသည်လည်း ဥပဒေရေးရာ နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ များစွာရှိသည့် လက်ရှိနိုင်ငံ့တာဝန်ထမ်းဆောင် လျက်ရှိကြသော ဥပဒေပညာရှင်များ၊ ဥပဒေချုပ်များနှင့် လက်တွေ့လုပ်ငန်းဆောင်ရွက်နေကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးချုပ် အငြိမ်းစားများ ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်း အညွှန်းကိန်းဖြစ်သည့် ဥပဒေပညာများ ပြန့်ပွားစေရန် အလယ်အလတ်အဆင့် အရာရှိများ သင်တန်း၊ ရုံးတွင်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ဥပဒေစာအုပ်များ ထုတ်ဝေခြင်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်းသားများ၏ သင်တန်းအပေါ် ထင်မြင်အကြံပြုချက်များအရ ယခုသင်တန်းသည် သင်တန်းသားများအတွက် ဥပဒေအသိပညာများစွာ ရရှိကြောင်းသိရှိရ၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခုသင်တန်းကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီထံသို့ အစီရင်ခံစာ ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ သင်တန်းဆရာများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# UNHCR အနေဖြင့် အပြုသဘောဆောင်သည့် ပံ့ပိုးကူညီမှုများပေးနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်မှုများအပေါ် နိုင်ငံတကာအဖွဲ့အစည်းများမှ သိရှိနားလည်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ရေးဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၂

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun နှင့်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နားလည်မှုစာချွန်လွှာအရ ဘူးသီးတောင်၊ မောင်တောဒေသအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနိုင်ရေးအတွက် ခရီးသွားလာခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့် ခွင့်ပြုပေးမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အရ နေရပ်စွန့်ခွာသွားသူများ၏ အချက်အလက်များ ပေးပို့လာမှုအပေါ် မိမိဝန်ကြီးဌာနမှ စိစစ်တွေ့ရှိမှုများနှင့် အကြောင်းပြန်ကြားပြီးစီးမှု၊ မိမိနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ပြန်လည်လက်ခံရေးစခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် ပြန်လည်နေရာချထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ ယင်းလုပ်ငန်းစဉ်များအပေါ် UNHCR အနေဖြင့် အပြုသဘောဆောင်သည့် ပံ့ပိုးကူညီမှုများပေးနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်မှုများအပေါ် နိုင်ငံတကာအဖွဲ့အစည်းများမှ သိရှိနားလည်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘဏ္ဍာရေး စည်းမျဉ်းသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

ဘဏ္ဍာရေး စည်းမျဉ်းသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် Assembly Hall ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/အမှုထမ်းများနှင့် သင်တန်းဆရာများ တက်ရောက်ကြသည်။






အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များတွင် အဓိက အရေးကြီးအချက်တစ်ချက်ဖြစ်ပြီး ဝန်ထမ်းများ မရှိမဖြစ်သိရှိရန် လိုအပ်သည့် ဘဏ္ဍာရေးစည်းမျဉ်းများဖြစ်သော ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာမှုမရှိစေရန်နှင့် မိမိတို့အသုံးပြုမည့် ဘဏ္ဍာနှစ်အတွင်း ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေအရ ဘဏ္ဍာငွေစီမံခန့်ခွဲသုံးစွဲနိုင်ရန်၊ ပြည်သူ့ဘဏ္ဍာငွေများ ဘဏ္ဍာငွေအရအသုံး ညီမျှစွာဖြင့် ဦးစားပေးကဏ္ဍများပေါ် မူတည်၍ ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်နှင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး အတွက် အကောင်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ပထမဆုရရှိသူ ဒေါ်အေးမြတ်မွန်၊ လက်ထောက် ညွှန်ကြားရေးမှူး (ရန်ကုန်ဘဏ်ခွဲ) ဒုတိယဆုရရှိသူ ဒေါ်နန်းနွယ်စိုး လက်ထောက် ညွှန်ကြားရေးမှူး (ရန်ကုန်ဘဏ်ခွဲ)၊ ပူးတွဲ တတိယဆုရရှိကြသူများဖြစ်သည့် ဒေါ်မေသန္တာလင်း လက်ထောက် ညွှန်ကြားရေးမှူး (နေပြည်တော်)၊ ဒေါ်ခိုင်ဆုဝေ လက်ထောက် ညွှန်ကြားရေးမှူး (ရန်ကုန်ဘဏ်ခွဲ)နှင့် ဒေါ်အင်ကြင်းမေ၊ ဦးစီးအရာရှိ (ရန်ကုန်ဘဏ်ခွဲ)တို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ညွှန်ကြားရေးမှူးချုပ်များက ဆုများချီးမြှင့်ကြပြီး သင်တန်းသားများကို သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။ ယခု ဖွင့်လှစ်သည့် သင်တန်းသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲတို့မှ အရာထမ်းများ တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ ၁၀ ရက်ဖြစ်သည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဘက်စုံထူးချွန်သော လူတော်လူကောင်းများ မွေးထုတ်ပေးခြင်းဖြင့် လူငယ်များ၏ စွမ်းပကားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည်



**နေပြည်တော် ဩဂုတ် ၁၂**

အနာဂတ်ကာလတွင် အသင့်ဖြစ်နေသော မျိုးဆက်သစ်လူငယ်များ၏ အရေးပါသည့် အခန်းကဏ္ဍကို အသိအမှတ်ပြု၍ လူငယ်များရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ အခက်အခဲများကို နိုင်ငံတကာ အသိုက်အဝန်းက သိရှိနားလည်စေရန် ရည်ရွယ်ပြီး **“၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနား”** ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယနေ့ကမ္ဘာပေါ်တွင် လူဦးရေရှစ်ဘီလီယံခန့်ရှိရာ ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းခန့်သည် လူငယ်များဖြစ်ကြကြောင်း၊ အာဆီယံဒေသတွင်း လူဦးရေ ၆၅၄ သန်းအနက် ၃၄ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၃၅နှစ်ကြား လူငယ်များဖြစ်ကြကြောင်း၊ လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့ခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးသူများ၊ ငြိမ်းချမ်းရေးဖော်ဆောင်သူများ၊ စွန့်ဦးတီထွင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ပေးနိုင်သည့် လုပ်သားအင်အားစုများ၊ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြောင်း၊ တိုင်းပြည်၏ အခန်းကဏ္ဍများအား ပခုံးပြောင်း တာဝန်ထမ်းဆောင်မည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့သားကောင်း လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေ ညီလာခံကြီး၏ ဆုံးဖြတ်ချက်ဖြင့် ဩဂုတ် ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်၍ ကျင်းပပြုလုပ်လျက် ရှိကြောင်း၊ **“သက်ရွယ်စုံညီ ကမ္ဘာသစ်ဆီ မျိုးဆက်အားလုံး ပူးပေါင်းပါဝင်ကူညီ”** ဆိုသည့် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးထားသည့် ဆောင်ပုဒ်နှင့်အညီ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီနိုင်စေရေးအတွက် မျိုးဆက်သစ်များ အချင်းချင်းကြား ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် သက်ရွယ်စုံပါဝင်သည့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို ဖန်တီးပုံဖော်ပေးနိုင်ရေး ပိုမိုအရှိန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သည့် လူငယ်ဦးရေ အချိုးအစားများပြားခြင်းကြောင့် လူဦးရေဆိုင်ရာ ပညာရှင်များ၏ အဆိုအရ မြန်မာနိုင်ငံသည် **“လူဦးရေဆိုင်ရာဆုလာဘ်”** ပိုင်ဆိုင်ထားခြင်း ဖြစ်ပြီး အကျိုးရှိစွာ အသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်မှာ ထူးခြားသည့် အင်အားစုတစ်ရပ်လည်းဖြစ်ကာ အနာဂတ်ခေါင်းဆောင်များလည်း ဖြစ်ကြကြောင်း၊ ဘက်စုံထူးချွန်သော လူတော်လူကောင်းများ မွေးထုတ်ပေးခြင်းဖြင့် လူငယ်များ၏ စွမ်းပကားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကာ သက်ရွယ်စုံညီပါဝင်သော လူမှုစီးပွားဘဝ သာယာ ဖွံ့ဖြိုးတိုးတက်သော၊ သဟဇာတဖြစ်သော အနာဂတ်လူ့ဘောင် အဖွဲ့အစည်းအား ဖန်တီး ပုံဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် လူငယ်အားကစားသမား ၁၆ ဦးကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူ ငါးဦးကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း ပေးအပ်ချီးမြှင့်ပြီးနောက် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက် Video Clip ကို ပြသသည်။

ထို့နောက် လူငယ်များကိုယ်စား အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မသီရိနန်းစံက လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန်အချက်များကို တာဝန်ရှိသူများထံ တင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လွိုင်လင်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက်က လွိုင်လင်မြို့ နယ်မြေခံရဲတပ်ဖွဲ့မှူးရုံး၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## မျိုးဆက်သစ်ကြား ညီညွတ်အားဖြင့် သက်ရွယ်စုံညီ ကမ္ဘာသစ်ဆီ

◆ လူငယ်ဟူသည်
အနာဂတ်ဆီသို့
မာန်ချီအားတက်
ခရီးဆက်၍
ထက်မြက်ဉာဏ်ရည်
တွေးခေါ်တွေနှင့်
ပြည့်ပေအစွမ်း
ပြည့်ဝန်ထမ်းဖို့
ကြိုးပမ်းဖော်လုစ်
မျိုးဆက်သစ်တည်း။

◆ တိုင်းပြည်ကဏ္ဍ
မှန်သမျှတွင်
များစွလူငယ်
နီးနေသွယ်၍
ဖလှယ်တတ်သိ ဝေငှရှိမှ
ပီဘိဝန်တာ
ထမ်းဆောင်ရာတွင်
များစွာသားကောင်း
လူငယ်ပေါင်းတို့
လက်ပြောင်းလုပ်ဆောင်
ဂုဏ်ထွန်းပြောင်တည်း။

◆ လူကြီးလူငယ်
မျိုးဆက်နွယ်တို့
တသွယ်ပေါင်းယှက်
ညီညွတ်လက်ဖြင့်
တွဲဖက်ရည်မျှော်
ကြိုးစားသော်မှ
ပြည်တော်ခရီး
အလွန်နီး၍
ပြည်ကြီးသာယာ
တိုးတက်ပါမည်
ကမ္ဘာတစ်ဝန်း
ရင်ပေါင်တန်းလျက်
မြတ်မမ်းခေတ်မီ
ရှေ့သို့ချီတည်း။

◆ စိတ္တမိတ္တ
ကိုယ်ကာယတို့
မှန်စွဖွံ့ဖြိုး
ကျန်းမာတိုး၍
ပြည့်ကျိုးသယ်ရွက်
စဉ်သွက်လက်ဖို့
ထက်မြက်စွမ်းအား
အားကစားဖြင့်
များပြားမြှင့်တင်
မဏ္ဍိုင်ဆင်ပြီး
စဉ်ပင်စည်းလုံး
ညီညွတ်ထုံးနှင့်
အပြုံးဝေသီ
ကမ္ဘာသစ်ဆီတည်း။

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ဂုဏ်ပြုလျက်။

**နုခန့်ယဉ် (ရစ်ကန်ကြီး)**

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၁၂**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပဲခူးတွင် ဆေးခြောက်ထည့်သွင်းထားသော ဆေးဝါးနှင့်စားသောက်ကုန်ပစ္စည်းများကို ကျောင်းများ၌ ရောင်းချခြင်းမှ ကာကွယ်တားဆီးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ပဲခူး ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပဲခူးမြို့နယ်အတွင်းရှိ ကျောင်းများ၌ ဆေးခြောက် ထည့်သွင်းထားသော ဆေးဝါးနှင့် စားသောက်ကုန်များကို ကျောင်းများ၌ ရောင်းချခြင်းမှ ကာကွယ်တားဆီးနိုင်ရေး ယနေ့နံနက်ပိုင်းက ပဲခူးမြို့ပေါ်ရှိ အ.ထ.က (၁)၊ အ.ထ.က (၂) အ.ထ.က (၃) ကျောင်းများရှိ ဈေးဆိုင်များနှင့် ပဲခူးမြို့ပေါ်ရှိ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်များ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာသို့ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေ၊ တွဲဘက်အတွင်းရေးမှူး၊ အမှတ် (၃၆) မူးယစ်တပ်ဖွဲ့စုမှ ရဲမှူးဆန်းထွန်းနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများက ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ **(ဓာတ်ပုံ)** အလားတူ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင်လည်း ဆက်လက်စစ်ဆေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်များအတွင်း ဩဂုတ် ၁၁ ရက် ညပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျချောင်းရေစီးဆင်းမှုကြောင့် တာချီလိတ်မြို့နှင့် မိုင်းတုံမြို့ပေါ်ရှိ လမ်းများနှင့် နေအိမ်များအတွင်း ရေများဝင်ရောက်ခြင်း၊ မိုင်းတုံ- ပုံပါကျင်သွားကားလမ်းပေါ် မိုင်တိုင် ၂၄/၂၅ ကီလိုမီတာကြားရှိ လမ်းပိုင်းများ၊ တံတားများရေတိုက်စား၍ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး ကူညီဆောင်ရွက်ပေး ခြင်း၊ ရေချောင်းများအား မြေဖို့ပေးခြင်း၊ လမ်းများပြန်လည်ပြုပြင်ပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ယနေ့နံနက်ပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟံဂံကျေးရွာအတွင်းရှိ ရပ်ကွက်(၁)၊ ရပ်ကွက်(၂)၊ ရပ်ကွက်(၃)၊ ရပ်ကွက် (၇) နှင့် ရပ်ကွက် (၈) တို့အတွင်း ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့်ပြည်သူများအား အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၁၂**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်မှ PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် ဆင်ပေါင်ဝဲမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ သရက်တပ်နယ်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ



တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော ဆင်ပေါင်ဝဲမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၁၂**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၈ ဒသမ ၂၇ လက်မ၊ ဘားအံမြို့တွင် ၆ ဒသမ ၈၆ လက်မ၊ သထုံမြို့တွင် ၆ ဒသမ ၅၃ လက်မ၊ ရေးမြို့တွင် ၆ ဒသမ ၃၄ လက်မ၊ ပေါင်မြို့တွင် ၆ ဒသမ ၂၂ လက်မ၊ ဝမြို့တွင် ၅ ဒသမ ၈၃ လက်မ၊ ချောင်းဆုံမြို့တွင် ၅ ဒသမ ၃၁ လက်မ၊ ခရမ်းမြို့တွင် ၄ ဒသမ ၉၇ လက်မ၊ ပုသိမ်မြို့တွင် ၄ ဒသမ ၆၈ လက်မ၊ မုဒုံမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ ဘီးလင်းမြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ပိုင်ကျုံမြို့တွင် ၄ ဒသမ ၀၅ လက်မနှင့် ဖြူးမြို့တွင် ၃ ဒသမ ၇၇ လက်မ တို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ကိုယ်တိုင်ရွေးချယ်သောခရီး . . .

**သိန်းထွန်း (IR)**

ကိုယ့်အလုပ်တာဝန်နဲ့ကိုယ်ဆိုတော့ မိသားစုနဲ့ခွဲပြီး အလုပ်ရှိတဲ့မြို့မှာပဲ နေရတာကြာပါပြီ။ အရင်က အလုပ်ပါးတဲ့အခါ ရုံးပိတ်ရက်မှာ အိမ်ပြန်ဖြစ်တယ်။ မပြန်ဖြစ်ဘူးဆိုရင်တောင် သုံးလတစ်ကြိမ်လောက် ပြန်ဖြစ်တယ်။ အခုဆို အိမ်မပြန်ဖြစ်တာ နှစ်ပေါက်တော့မယ်။ အိမ်မှာ အလုပ်ကိစ္စလေးတွေလည်း ရှိနေတာမို့ အဆင်ပြေကြလား သွားကြည့်ချင်နေတာ။ လိုင်းကားနဲ့ပြန်ရင် ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေ နှစ်ရက်တည်းဆို ရောက်ပြန်ပဲ။ အိမ်တော့ ပြန်ရပါရဲ့ ပင်ပန်းတာနဲ့ ကုန်ကျစရိတ်နဲ့မကာမိဘူး။ အိမ်ပြန်လို့ ကုန်ကျမယ့်စရိတ်ကို အိမ်အသုံးစရိတ်ထဲ ထည့်လိုက်တော့ တစ်ဖက်က အဆင်ပြေသွားလို့ အိမ်မပြန်ဖြစ်တာလည်း ပါတာပေ့ါ။

**ရုံးပိတ်ရက် အိမ်ပြန်**

ပြီးခဲ့တဲ့အပတ်ထဲကတော့ အိမ်ပြန်ဖို့ အခွင့်သင့်၊ အကြောင်းသင့်ခဲ့ပါတယ်။ တစ်ရုံးတည်းက သူငယ်ချင်းကို ပြောမိတယ်။ အိမ်မပြန်ဖြစ်တာ နှစ်ပေါက်တော့မယ်၊ နောက်တစ်ပတ် ရုံးပိတ်ရက် အိမ်ပြန်ဦးမယ်ကွာလို့။ သူငယ်ချင်းက ချက်ချင်းပဲ ရုံးပိတ်ရက်ပြန်မှာလား၊ ငါလိုက်ပို့မယ်၊ ငါလည်း ခြေဖဝါးယားနေတာ အပျင်းပြေသွားကြတာပေ့ါ …လို့ လိုလိုလားလား ပြောလာတော့ ဝမ်းသာလိုက်တာ။ သူငယ်ချင်းက ကျွန်တော့်လိုပဲ သူ့အိမ်က နယ်ဝေးမှာ၊ ဒါပေမယ့် သူ့မှာ အိမ်ထောင်မရှိဘူး။ တစ်ကိုယ်တည်းသမား။ သူ့အိမ်က ငွေကြေးအဆင်ပြေတော့ သူ့ကိုယ်ပိုင်ကားလေးနဲ့သူ။ ကိုယ့်အိမ်ပြန်မှာကို သူ့ကားနဲ့လိုက်ပို့မယ်ဆိုတော့ လုပ်ဖော်ကိုင်ဖက်အတွင်းသိ အစင်းသိဆိုပေမယ့် အားတော့နာသား။ ကျွန်တော် အားနာနေတာကိုသိတော့ သူငယ်ချင်းက –

“မင်း အားနာမနေနဲ့၊ ရုံးပိတ်ရက် ငါလည်း ပျင်းနေမှာ။ အလည်အပတ် သွားချင်နေတာနဲ့ အတော်ပဲ။ ငါ့ကားနဲ့သွားမယ်”

“ကျေးဇူးပဲသူငယ်ချင်းရာ၊မင်းကားနဲ့သွားတော့ ငါ့အတွက် ပိုအဆင်ပြေတာပေ့ါ”

ဒါနဲ့ စနေနေ့နံနက်အစောကြီးပဲ သူငယ်ချင်း နှစ်ယောက် အဆောင်က ထွက်ခဲ့ကြတယ်။ နံနက် ၅ နာရီလောက်ကတည်းက ထွက်လာပြီး လမ်းကြမှ စားစရာတစ်ခုခုစားကြမယ်ပေ့ါ။ အချိန်လည်း ရတော့ သူငယ်ချင်းက အေးအေးဆေးဆေးပဲ မောင်းလာတယ်။ ကျွန်တော့်သူငယ်ချင်းက အေးဆေးတယ်။ သူ့မှာ ပူပင်စရာမရှိဘူး။ အိမ်ကလည်း အထိုက်အလျောက် ပိုက်ဆံရှိ၊ ညီအစ်ကိုမောင်နှမတွေကလည်း သူ့အလုပ်နဲ့ သူအဆင်ပြေကြတော့ သူငယ်ချင်းအတွက်က နောက်ဆံတင်းစရာမရှိဘူး။ သူဝါသနာပါတဲ့အလုပ်မို့ အိမ်နဲ့ခွဲနေပြီး လာလုပ်နေတာ။ ကျွန်တော်က မိသားစုမပါတော့ သူနဲ့နှစ်ယောက်သား တွဲမိတယ်။

ရုံးမှာဆိုရင် သူနဲ့ကျွန်တော်နဲ့က အလုပ်လည်း အတူတူ၊ နေတာလည်း အတူတူဆိုတော့ ဆိုးတူကောင်းဖက်လို ဖြစ်နေတာ။ သူငယ်ချင်းက ကျွန်တော့်မိသားစုအကြောင်း အကုန်သိထားတယ်။ ကျွန်တော့်မိသားစုနဲ့လည်း တစ်ခါဆုံဖူးတယ်။ ကျွန်တော့်အိမ်က လူကြုံရှိလို့ စားစရာထည့်ပေးရင် သူနဲ့ကျွန်တော့်အတွက် နှစ်ယောက်စာ ထည့်ပေးတာ။ မိဝေးဖဝေး၊ မိသားစုဝေး ဘဝတွေဆိုတော့ မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုးပါပဲ။ ဘဝတွေဆိုတာက ပျော်ရာမှာမနေရ၊ တော်ရာမှာနေရလို့ ပြောပေမယ့် တစ်ခါတလေကြ သင့်တော်ပေမယ့် ပျော်ရွှင်မှုကင်းမဲ့နေရင် ရေရှည်မှာ ဘယ်လောက်အထိ နေနိုင်မှာလဲ။ လူတိုင်းမှာက ဘဝအခြေအနေတွေ၊ စိတ်ခံစားချက်တွေ၊ ရည်မှန်းချက်တွေ၊ ဝါသနာတွေမတူတတ်ကြတော့ စိတ်ရယ်၊ ကိုယ်ရယ်၊ အလုပ်ရယ်တစ်ထပ်တည်းဖြစ်ဖို့ အခက်သား။ အဲဒီတော့ အဆင်ပြေအောင်နေကြတာပဲ။

“လက်ဖက်ရည် သောက်ရအောင်ကွာ” … လို့ သူငယ်ချင်းပြောလိုက်မှ အတွေးပြတ်သွားတယ်။ နံနက်စာက ဘာမှမစားခဲ့ရတော့ ဗိုက်ဆာပြီ။ ကျွန်တော်သာ ကိုယ့်အတွေးနဲ့ကိုယ်မို့ ဗိုက်ဆာတာကို သတိမရတာ။

“အေး မင်းပြောမှ ငါလည်း ဗိုက်ဆာတာ သတိရတယ်… အဆင်ပြေတဲ့ဆိုင် ဝင်လိုက်လေ”

သူငယ်ချင်းနှစ်ယောက် ကားလမ်းဘေး တွေ့တဲ့ဆိုင်လေးမှာပဲ ပလာတာစား၊ လက်ဖက်ရည်သောက်လိုက်တယ်။ ဆိုင်လေးက ခရီးတစ်ထောက်နားတွေအတွက် ဖွင့်ထားတာဖြစ်မယ်။ မြို့မနီး၊ ရွာမနီးနဲ့ ဆိုင်ဖွင့်ထားတာ။ ခရီးသွားကား သုံးစီးရပ်ထားပြီး ကိုယ့်လိုပဲ စားနေကြတယ်။ သူ့ဟာသူတော့ စားလို့ အဆင်ပြေသား။ လမ်းခုလတ်မှာ ဆိုင်လေးဖွင့်ထားတော့ ခရီးသွားကားတွေအတွက် ကားနား၊ လူနားနားလို့ကောင်းတယ်။ ပတ်ဝန်းကျင်မှာလည်း တမာပင်ကြီးတွေနဲ့၊ နေ့လယ်နေ့ခင်းဆို အေးနေမှာပဲ။

ဆိုင်ကို ထန်းရွက်တွေမိုးထားတော့ အညာဒေသ အပူဒဏ်ခံနိုင်မှာ။ ဆိုင်လေးကို တစ်ပိုင်တစ်နိုင်ဖွင့်ပြီး အေးအေးလူလူ လုပ်ကိုင်စားနေတာ စိတ်ချမ်းသာမယ့်ပုံ။ ဆိုင်ရှင်က အေးအေးဆေးဆေးနဲ့။ ဆိုင်ထဲရောက်လာတဲ့ ဧည့်သည်တွေကို သူ့ဆွေမျိုးသားချင်း မှတ်သလားမသိပါဘူး။ စကားတွေ လာပြောနေလိုက်တာ။ အေးချမ်းတဲ့ဘဝဆိုတာ ဒါကိုပြောတာ ထင်တယ်လို့ တွေးမိတယ်။ အဲဒီလို အေးချမ်းတဲ့ဘဝကို လိုချင်လိုက်တာ၊ ဘဝရဲ့အမောတွေ၊ လောဘ ဒေါသမောဟတွေနဲ့ ကင်းကင်းပဲ နေချင်ပြီ။

သူငယ်ချင်းနှစ်ယောက် စားပြီးလို့ နာရီဝက်လောက်နေတော့ ဆက်ထွက်လာခဲ့ကြတယ်။

နှစ်ယောက်သား စကားတပြောပြောနဲ့ မောင်းလာရင်း မိုးလေးဖွဲဖွဲကျလာတယ်။ “မိုးကျလိုက်တာ အပူသက်သာသွားတယ်ကွ” လို့ သူငယ်ချင်းက ဆိုတယ်။ မိုးကျလာတော့ ကားလမ်းပေါ်က နိမ့်နေတဲ့နေရာတွေမှာ ရေတင်ကျန်နေတယ်။ ရေတင်ကျန်တဲ့နေရာတွေရောက်ရင် ချိုင့်ခွက်ရှိမှာစိုးလို့ သူငယ်ချင်းက ကားကို ဖြည်းဖြည်းပဲမောင်းနေပါတယ်ဆိုမှ မျက်နှာချင်းဆိုင်ကလာတဲ့ ကားတစ်စီးက အရှိန်နဲ့ဖြတ်မောင်းသွားလိုက်တာ ကျွန်တော်တို့ကား အတွင်းဘက်ခြမ်းမှာ ရွှံ့တွေပေကုန်ရော။ ရေ့မှန်လည်း ရွှံ့ရေတွေနဲ့။ ကျွန်တော်က …

“ဩော်… လူတွေနော် ခရီးသွားချင်း ကိုယ်ချင်းမစာဘူးကိုး”လို့ ပြောလိုက်တော့ သူငယ်ချင်းက ဘာမှမဖြစ်သလိုပါပဲ။ အိမ်ရောက်မှ ကားကို ရေဆေးလိုက်မယ်လို့ ကျွန်တော့်ဘက်လှည့်ပြောလိုက်ပြီး သူ့ကားသူ သတိနဲ့ဆက်မောင်းနေတယ်။ နောက်ပြီးမှ…

“ဒီခရီးမှာက ဘာမှမဖြစ်ပါဘူး၊ ကားရွှံ့ပေရုံပဲ။ ရေဆေးလိုက်ရင် ပြောင်သွားမှာ။ သံသရာခရီးဆိုရင် ဘယ့်နှယ်နေကြမလဲ မသိဘူး… ကားကို ရွှံ့ပေလို့ ရေဆေးသလို ပြောင်သွားပါ့မလား” ဆိုပြီး စဉ်းစဉ်းစားစား ပြောလာတယ်။

ဒါလည်းဟုတ်တာပဲ။ ဒီလိုခရီးအတွက်က ရွှံ့ပေတာအသေးအမွှားပါပဲ။ ဒါပေမယ့် လူ့အသိုက်အဝန်းထဲမှာ နေရပြီဆိုရင် အနည်းဆုံးတော့ သူ့ဘက်ကိုယ့်ဘက် ရှိကြတာမဟုတ်လား။ အရာရာကို ငါဖို့တစ်ခုတည်း အမြင်နဲ့ကြည့်မယ်ဆိုရင် သဟဇာတဖြစ်ဖို့ အတော်ခက်မယ်။ သူငယ်ချင်းပြောသလို သံသရာခရီးဆိုရင် ဘယ့်နှယ်လုပ်ကြမလဲ။ သံသရာထဲမှာ သူ့ခရီးသူသွား ကိုယ့်ခရီးကိုယ်သွား။ လူဆိုတာက သံသရာခရီးသွားတွေပဲ။ ကံကြမ္မာဆုံလို့ လူ့ဘဝမှာ ခဏတစ်ဖြုတ်တွေ့ကြတာ။ ဒီလိုတွေ့ဆုံကြတဲ့အချိန်လေး ကောင်းသောတွေ့ဆုံခြင်း၊ တစ်ယောက်နဲ့တစ်ယောက် အကျိုးပြုတဲ့ တွေ့ဆုံခြင်းဆိုရင် နှစ်ဦးနှစ်ဖက် ကျေနပ်စရာတွေပဲပေ့ါ။ အဲဒါဆို ဘယ်လောက် စိတ်ချမ်းသာစရာ ကောင်းလိုက်မလဲ။

**ဘဝတန်ဖိုးဆိုတာကို သတိမေ့နေကြ**

ကျွန်တော်တို့ ဒီကနေ့ရှင်သန်ရပ်တည်နေကြတာ သံသရာခရီးထဲက ဘဝတစ်ခုစာမှာပဲ မဟုတ်လား။ သံသရာခရီးနဲ့ဆိုရင် မျက်စိတစ်မှိတ်၊ လက်တစ်ဖျစ်စာ အချိန်လေး။ အဲဒီလို အချိန်တိုလေးထဲမှာ ဝင်သူဝင်၊ ထွက်သူထွက်ကြနဲ့။ ဘယ်ဘဝကို သွားပါလို့ ကိုယ့်မှာပြောပိုင်ခွင့်မရှိ၊ မသွားပါနဲ့လို့လည်း တားပိုင်ခွင့်မရှိ။ မိဘမို့လို့၊ မောင်နှမသားချင်းမို့လို၊ မိတ်ဆွေတွေမို့လို့ဆိုပြီး ပြောလို့ရတာလည်း မဟုတ်ဘူး။ ကိုယ့်ဘဝနဲ့ကိုယ် ဝင်လိုက်၊ထွက်လိုက်။ မှတ်မှတ်ရရထွက်သွားတဲ့ သူတွေလည်းရှိရဲ့၊ လူမသိသူမသိ ထွက်သွားသူတွေလည်းရှိရဲ့။ ခေတ္တခဏဆုံလာကြတဲ့ လူ့ဘုံလောကမှာ ပျော်ရွှင်နေတဲ့သူတွေကိုလည်း တွေ့ရတယ်၊ သောကနဲ့သူတွေကိုလည်း တွေ့ရတယ်။ ဘဝကို ကျေနပ်နေတဲ့သူ၊ မကျေမနပ်ဖြစ်နေတဲ့သူ အစုံပဲ။ သံသရာခရီး ဆက်မသွားရခင်အထိတော့ တစ်ကိုယ်စာဘဝတွေနဲ့ နပန်းလုံးနေလိုက်ကြတာ။ ဘဝတန်ဖိုးဆိုတာကို သတိမေ့နေတတ်ကြပြီး လက်ရှိတစ်ဘဝစာလေးထဲမှာကို အမျိုးမျိုးဖြစ်နေကြတာ။ အဲဒီလိုတွေထဲမှာ ကိုယ်တိုင်က ပစ္စုပ္ပန်အကျိုး၊ သံသရာအကျိုးပြုအောင် ပြုမူပြောဆိုကျင့်ကြံမှ အခုဘဝ၊ နောင်ဘဝဆိုတာတွေ ကောင်းမှာပေ့ါ။

တစ်ဘဝစာအတွက်ကတော့ လူတိုင်း ရှင်သန်ရပ်တည်နေကြတာပဲ။ သံသရာခရီးမှာတော့ တစ်ဘဝစာထက် ပိုစဉ်းစားဖို့လိုလာပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က သံသရာထဲ ဘယ်လိုခရီးဆက်ရမလဲဆိုတာမှ မသိနိုင်တာကိုး။ ဓမ္မပဒထဲက ရက်ကန်းသည် သတို့သမီးဝတ္ထုမှာ မြတ်စွာဘုရားရဲ့အမေးကို ရက်ကန်းသည်မလေး ဖြေသလိုပါပဲ။ ဘယ်ကလာမှန်းမသိ၊ ဘယ်သို့သွားမှန်းမသိ၊ သေခြင်းတရားကိုသိ၊ ဒါပေမယ့် ဘယ်အချိန်သေမှာကိုတော့ မသိဆိုတဲ့ အဖြေဟာ သံသရာခရီးသွားတိုင်း ကြုံတွေ့ကြရမှာ။ ဒါကိုသိဖို့ မြတ်စွာဘုရားက အကြင်သူတို့အား ပညာတည်းဟူသော မျက်စိသည် မရှိ။ ထိုသူတို့သည် ကန်းသောသူတို့ မည်ကုန်သည်သာ တည်း၊ အကြင်သူတို့အား ပညာတည်းဟူသော မျက်စိရှိသည်ဖြစ်၏။ ထိုသူတို့သာလျှင် မျက်စိအမြင်ရှိသော သူတို့မည်ပေ၏ဟု ဟောတော်မူခဲ့တာ။

အဲဒီလိုပါပဲ။ သံသရာခရီးမှာ ဘယ်ကိုဆက်သွားရမယ်ဆိုတာ ကျွန်တော်မသိဘူး။ ကျွန်တော့်သူငယ်ချင်းလည်း မသိနိုင်ဘူး။ မသိတဲ့အပြင် ကျွန်တော်တို့ဟာ ကိုယ့်သံသရာခရီးဆိုတာကို သတိမထားမိဘဲ ရောက်နေတဲ့ဘဝလေးထဲမှာ လောက အနှောင်အဖွဲ့တွေနဲ့ ရစ်ပတ်နေမိပြန်ရော။ ဘယ်အချိန်ကျမှ သတိရမိတတ်လဲဆိုတော့ လူ့ဘဝ နောက်ဆုံးအချိန်ကျမှ သတိဝင်လာတတ်ကြတယ်။ အဲဒီအချိန်မှာ ကိုယ်သွားရမယ့်ခရီးက ကောင်းချင်လည်း ကောင်းမယ်၊ ဆိုးချင်လည်း ဆိုးမယ်။ ကောင်းကောင်း၊ ဆိုးဆိုး လူတိုင်းသွားကြရမယ့်ခရီးပဲ။ မြတ်စွာဘုရားတောင်မှ ဘုရားမဖြစ်ခင်အထိ ဘဝမျိုးစုံကျင်လည်ခဲ့ရတာပဲ မဟုတ်လား။ ကျွန်တော်တို့အတွက် ကိုယ်သွားရမယ့်ခရီးကို ဘယ်သူသတ်မှတ်တာလဲ။ သူငယ်ချင်းက ပြောတယ်။

“ငါတို့ သွားရမယ့်ဘဝကို ငါတို့ကိုယ်တိုင် ရွေးခဲ့ကြတာပေ့ါကွာ” တဲ့။

အင်း…ဟုတ်တာပဲ။ မြတ်စွာဘုရားဟောထားတယ်။ ကမ္မဿကာ ဥပ္ပါဒါ ကမ္မဒံ ဥပ္ပဇ္ဇတိ အကြောင်းဖြစ်လို့ အကျိုးဖြစ်တာတဲ့။ ငါတို့ လုပ်လိုက်တဲ့အရာတွေက အကြောင်းတရားတွေဆိုတော့ အဲဒီအကြောင်းတရားအတိုင်းပဲ အကျိုးတရားတွေ ဖြစ်လာကြမှာ။ အတိတ်က ကံအကြောင်းတရားတွေနဲ့ အခုဘဝ ပြုလိုက်တဲ့ ကံအကြောင်းတရားတွေကပဲ ငါတို့ရဲ့ သံသရာခရီးကို ပြဋ္ဌာန်းသွားကြမှာ … ဒါကြောင့် လူကြီးသူမတွေက ပြောကြတယ်လေ … သံသရာမကြောက် ငရဲမကြောက် မလုပ်ကြနဲ့လို့။

“ငါတို့တစ်တွေ ဘဝရဲ့အချိန်တွေကို အတော်ဖြုန်းခဲ့ပြီကွ”လို့ ကျွန်တော်ကပြောတော့ သူငယ်ချင်းက

“ဆင်သေကောင်ပေါ်က ကျီးလို ကမ်းမမြင် လမ်းမမြင် ပျော်နေကြတာလေ” တဲ့။

လူ့ဘဝဆိုတာ ရခဲလှတယ်လို့ မြတ်စွာဘုရားက ဟောခဲ့ပါတယ်။ ဘုရားဖြစ်အောင် ကြိုးစားခွင့်ဆိုတာတောင် လူ့ဘဝမှာပဲ ရတာဆိုတော့ သံသရာခရီးအတွက် အကောင်းဆုံးအခွင့်အရေးပါပဲ။ အဲဒီလို ရခဲလှတဲ့ လူ့ဘဝကို ကျွန်တော်တို့ရောက်လာကြတာဟာ အတိတ်အတိတ်က ကံအကြောင်းတရားတွေရဲ့ အကျိုးတွေမဟုတ်လား။ ရခဲလှတဲ့ လူ့ဘဝရောက်ပြီးခါမှ လက်ဗလာနဲ့ထွက်သွားကြမလား၊ အရှုံးတွေနဲ့ ထွက်သွားကြမလား၊ ပိုကောင်းတဲ့ အကြောင်းတရားတွေနဲ့ ထွက်သွားကြမလားဆိုတာက မြတ်စွာဘုရားဟောတဲ့ ပညာမျက်စိပေါ်မှာပဲ မူတည်ကြမှာပေ့ါ။

ဗုဒ္ဓဘာသာမှာ လောကီအကျိုး၊ လောကုတ္တရာအကျိုးဖြစ်စေတဲ့ ဘဝနေနည်းတွေ လမ်းညွှန်ပြသထားတာ ရှိပါတယ်။ စောင့်ထိန်းရမယ့်၊ လိုက်နာရမယ့်၊ ကျင့်ကြံရမယ့် တရားတွေပါ။ လောကပါလတရားလိုပဲ လောကနဲ့ လောကလူသားတွေကို အကျိုးဖြစ်စေတဲ့တရားတွေပါ။ ဒါပေမယ့် အဝိဇ္ဇာဆိုတဲ့ အမှောင်တွေ ဖုံးလာချိန်မှာတော့ ကိုယ်တိုင်လိုက်နာရမယ့်တရားတွေ သတိမရတော့ဘဲ အမှားအမှန်၊ အကောင်းအဆိုး၊ သင့်၏မသင့်၏၊ ကိုယ့်အကျိုး၊ အများအကျိုး၊ သံသရာအကျိုးဆိုတာတွေ ရောထွေးလာပြီပေ့ါ။ ဒီတော့ သံသရာခရီးဆိုတာက အခု အိမ်ပြန်တဲ့ခရီးလို မဟုတ်တာတော့ သေချာတယ်။

အဲဒီလိုစဉ်းစားမိတော့ “သူငယ်ချင်းရေ မင်းကို အများကြီးကျေးဇူးတင်ပါတယ်ကွာ”လို့ ကျွန်တော် ပြောလိုက်မိတယ်။

သူငယ်ချင်းက အံ့ဩတဲ့မျက်နှာနဲ့ “ ဘာဖြစ်လို့တုံး… ကားနဲ့လိုက်ပို့လို့လား” …တဲ့။

“ကားနဲ့လိုက်ပို့တာရော…အိမ်အပြန်ခရီးကနေ သံသရာခရီးအတွက် ဆင်ခြင်စရာတွေ ရခဲ့လို့ပါကွာ”။

အိမ်ပြန်ခရီးကို ချောချောမွေ့မွေ့ပြန်နိုင်ပေမယ့် သံသရာခရီးကို ဆက်ကြရပါဦးမယ်။ အချိန်တွေကတော့ သူ့သဘောသူဆောင် ဆက်သွားနေကြလေပြီ။ ။

**လူ့ဘဝဆိုတာ ရခဲလှတယ်လို့ မြတ်စွာဘုရားက ဟောခဲ့ပါတယ်။ ဘုရားဖြစ်အောင် ကြိုးစားခွင့်ဆိုတာတောင် လူ့ဘဝမှာပဲ ရတာဆိုတော့ သံသရာခရီးအတွက် အကောင်းဆုံးအခွင့်အရေးပါပဲ။ အဲဒီလိုရခဲလှတဲ့ လူ့ဘဝကို ကျွန်တော်တို့ ရောက်လာကြတာဟာ အတိတ်အတိတ်က ကံအကြောင်းတရားတွေရဲ့ အကျိုးတွေမဟုတ်လား။ ရခဲလှတဲ့ လူ့ဘဝရောက်ပြီးခါမှ လက်ဗလာနဲ့ ထွက်သွားကြမလား၊ အရှုံးတွေနဲ့ ထွက်သွားကြမလား၊ ပိုကောင်းတဲ့ အကြောင်းတရားတွေနဲ့ ထွက်သွားကြမလားဆိုတာက မြတ်စွာဘုရားဟောတဲ့ ပညာမျက်စိပေါ်မှာပဲ မူတည်ကြမှာပေ့ါ**

# ဩဂုတ် ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၆၇ ရာခိုင်နှုန်းရှိ

**(၁၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅,၆၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၀၆,၇၂၃) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၆၁၄,၃၃၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၀၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၅) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁၂–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၆၄) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃) ခု | – |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၆) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၇၁) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၂၈) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၇၈၂) ခု | (၁၈) ဦး |
| စုစုပေါင်း | (၅,၆၇၄) ခု | (၃၈) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လအတွင်းရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၂-၈-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၄၄၇၉၇၇၉ | ၈၉၅၄၆၁၅၁ | ၁၀၆၁၃၄၆ |
| ၂။ | အိန္ဒိယ | ၄၄၂၃၅၅၇ | ၄၃၅၇၃၀၉၄ | ၅၂၆၉၂၈ |
| ၃။ | ပြင်သစ် | ၃၄၁၆၉၂၈၁ | ၃၃၂၆၀၇၀၈ | ၁၅၂၉၉၀ |
| ၄။ | ဘရာဇီး | ၃၄၁၂၄၅၇၉ | ၃၂၉၂၇၇၆၂ | ၆၈၁၀၂၅ |
| ၅။ | ဂျာမနီ | ၃၁၄၈၉၄၈၄ | ၃၀၀၆၁၀၀၀ | ၁၄၅၅၆၁ |
| ၆။ | ဗြိတိန် | ၂၃၄၂၀၈၂၆ | ၂၂၉၇၂၉၄၇ | ၁၈၆၀၈၇ |
| ၇။ | အီတလီ | ၂၁၄၂၈၆၀၂ | ၂၀၃၁၄၆၈၉ | ၁၇၃၇၀၁ |
| ၈။ | တောင်ကိုရီးယား | ၂၁၁၁၁၈၄၀ | ၁၉၂၂၀၅၅ | ၂၅၄၉၉ |
| ၉။ | ရုရှား | ၁၈၈၂၄၂၈၂ | ၁၈၁၀၄၂၆၁ | ၃၈၃၀၁၁ |
| ၁၀။ | တူကီယဲ | ၁၆၂၉၅၈၀၇ | ၁၅၈၇၅၁၂၁ | ၉၉၆၇၈ |

## ၁၂-၈-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၃၆၂၅၄၀ | ၁၀၀၀၉၄၅၁ | ၄၃၀၉၆ |
| အင်ဒိုနီးရှား | ၆၂၇၃၂၂၈ | ၆၀၆၂၄၆၃ | ၁၅၇၁၈၉ |
| မလေးရှား | ၄၇၂၄၂၂၅ | ၄၆၄၂၀၇၈ | ၃၆၀၆၆ |
| ထိုင်း | ၄၆၁၆၅၁၂ | ၄၅၆၃၁၆၅ | ၃၁၇၆၆ |
| ဖိလစ်ပိုင် | ၃၈၂၃၀၈၄ | ၃၇၂၁၈၂၅ | ၆၀၉၄၄ |
| စင်ကာပူ | ၁၇၈၁၁၆၂ | ၁၆၈၉၉၈၆ | ၁၅၄၆ |
| မြန်မာ | ၆၁၄၃၃၅ | ၅၉၃၀၈၁ | ၁၉၄၃၅ |
| ဘရူနိုင်း | ၂၁၅၂၈၃ | ၂၀၅၇၇၃ | ၂၂၅ |
| လာအို | ၂၁၂၂၁၄ | ၂၀၈၃၄၄ | ၇၅၇ |
| ကမ္ဘောဒီးယား | ၁၃၇၁၇၉ | ၁၃၃၈၅၀ | ၃၀၅၆ |

မျိုးရိုးဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံခြင်းနှင့် ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်း ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။

## သီရိလင်္ကာသမ္မတဟောင်း ထိုင်းနိုင်ငံ၌ ယာယီခိုလှုံရန် ရောက်ရှိနေ

ဘန်ကောက် ဩဂုတ် ၁၂

သီရိလင်္ကာသမ္မတဟောင်း ဂိုတာဘာရာ ရာဂျာပက်ဆာသည် ထိုင်းနိုင်ငံသို့ ယာယီခိုလှုံရန် ရောက်ရှိနေကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၁၂ တွင် အတည်ပြုပြောကြားသည်။

ရာဂျာပက်ဆာသည် ဩဂုတ် ၁၁ ရက်က စင်ကာပူနိုင်ငံမှ ထွက်ခွာသွားကြောင်း စင်ကာပူနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနက ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၌ ၎င်း၏နေထိုင်မှုသည် ယာယီသာဖြစ်ပြီး နိုင်ငံရေးခိုလှုံခွင့်မရှာရသေးကြောင်း၊ သံတမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူ သီရိလင်္ကာသမ္မတဟောင်းအနေဖြင့် ဗီဇာမလိုအပ်ဘဲ ထိုင်းနိုင်ငံတွင် ရက်ပေါင်း ၉၀ နေထိုင်ခွင့်ရှိကြောင်း ထိုင်းအစိုးရက ထုတ်ဖော်ပြောကြားထားသည်။ သီရိလင်္ကာနိုင်ငံ သမ္မတဟောင်းသည် မော်လ်ဒိုက်နှင့် စင်ကာပူနိုင်ငံများသို့လည်း လှည့်လည်သွားရောက်ခဲ့ပြီးဖြစ်သည်။ ဆင်ဟွာ



သီရိလင်္ကာသမ္မတဟောင်း ဂိုတာဘာရာ ရာဂျာပက်ဆာ ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်သို့ ရောက်ရှိလာစဉ်။

## အိန္ဒိယနိုင်ငံမြောက်ပိုင်း ယမုနာမြစ်အတွင်း ကူးတို့လှေနစ်မြုပ် သုံးဦး၏ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ၁၇ ဦးသေဆုံးသွားပြီဟုဆို

နယူးဒေလီ ဩဂုတ် ၁၂

အိန္ဒိယနိုင်ငံ မြောက်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် ဥတ္တရာပရာဒက်ရှ်ပြည်နယ် မြစ်တစ်ခုတွင် ဩဂုတ် ၁၁ ရက်က ကူးတို့လှေတစ်စင်းနစ်မြုပ်မှုဖြစ်ပွားပြီးနောက် သေဆုံးသူသုံးဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး အခြား ၁၇ ဦးသေဆုံးသွားပြီဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

လှေနစ်မြုပ်မှုမှ ၁၅ ဦးကို ကယ်ဆယ်နိုင်ခဲ့သည်။ ကူးတို့လှေသည် ပြည်နယ်မြို့တော် လက်ခ်နောင်းတောင်ဘက် ၁၉၅ ကီလိုမီတာခန့်အကွာ ဘန်ဒါခရိုင်ရှိ ယမုနာမြစ်ထဲတွင် တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

"ဒီနေ့ ဒေသစံတော်ချိန် ၃ နာရီလောက်မှာ ရွာသားတွေကို သယ်ဆောင်လာတဲ့ ကူးတို့လှေဟာ ယမုနာမြစ်ထဲမှာ နစ်မြုပ်ခဲ့ပါတယ်။ အခုချိန်ထိတော့ ၁၅ ဦးကို ကယ်ဆယ်နိုင်ခဲ့ပါတယ်။ ကယ်ဆယ်ရေးအဖွဲ့တွေက ရှာဖွေကယ်ဆယ်မှုတွေကို ဆက်လုပ်နေတာတောင် ၁၇ ဦး ပျောက်ဆုံးနေဆဲဖြစ်ပါတယ်။ အမျိုးသမီးနှစ်ဦးနဲ့ ကလေးငယ်တစ်ယောက်ရဲ့ရုပ်အလောင်းကိုတော့ ပြန်လည်ရှာတွေ့ခဲ့ပါတယ်" ဟု ဒေသခံ ရဲတပ်ဖွဲ့က ပြောသည်။

ရဲတပ်ဖွဲ့၏ပြောကြားချက်အရ လေပြင်းတိုက်ခတ်မှုကြောင့် လှေပဲ့ချက်ပျက်ကာ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှေနစ်မြုပ်မှုမှ ရှာဖွေကယ်ဆယ်ခဲ့သောလူ ၁၅ ဦးကို ဆေးရုံတင်ထားကြောင်းနှင့် ၎င်းတို့၏အခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ရှာဖွေကယ်ဆယ်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ လှေနစ်မြုပ်ချိန်တွင် ကူးတို့လှေပေါ်၌ လူ ၃၅ ဦး စီးနင်းလိုက်ပါလာကြောင်း ဒေသခံများက ပြောသည်။ ဆင်ဟွာ



လှေနစ်မြုပ်မှုဖြစ်ပွားရာ ယမုနာမြစ်အတွင်း သက်ဆိုင်ရာတာဝန်ရှိသူများက ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

## နယူးဇီလန်နိုင်ငံ၌ စားသောက်ကုန်များ ဈေးနှုန်းမြင့်တက်

ဝယ်လင်တန် ဩဂုတ် ၁၂

၂၀၂၁ ခုနှစ်နှင့် ကာလတူနှိုင်းယှဉ်ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း နယူးဇီလန်နိုင်ငံ၏ စားသောက်ကုန်များ ဈေးနှုန်း ၇ ဒသမ ၄ ရာခိုင်နှုန်းကျော်အထိ ပိုမိုမြင့်မားခဲ့ကြောင်း နယူးဇီလန်နိုင်ငံ စာရင်းအင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ထုတ်ပြန်သည်။

၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်းရှိ ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အခြေခံစားသောက်ကုန် မျိုးစုံ ဈေးနှုန်းမှာ ၇ ဒသမ ၅ ရာခိုင်နှုန်း အထိတိုးလာခဲ့ပြီး သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဈေးနှုန်းများ ၁၀ ရာခိုင်နှုန်းနှင့် အသားငါး ဈေးနှုန်းမှာ ၇ ဒသမ ၇ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့ကြောင်း စာရင်းဇယားများအရ သိရသည်။

အခြေခံ စားသောက်ကုန် ဈေးနှုန်း ကြီးမြင့်မှုများအနက် ဒိန်ခဲ၊ နို့နှင့် ဒိန်ချဉ်ဈေးနှုန်းမှာ အမြင့်ဆုံးဖြစ်ကာ ဒုတိယဈေးအကြီးဆုံးမှာ နေ့လယ်စာနှင့် အဆာပြေ စားသောက်ရန် ပါဆယ်ဝယ်ယူသည့် စားသောက်ဆိုင်များတွင် ရောင်းချကြသည့် အစားအစာများနှင့် အသင့်စား စားသောက်ကုန်များ ဖြစ်ကြောင်း စားသောက်ကုန် ဈေးနှုန်း မန်နေဂျာ ဗီအိုနာ စမိုင်လီက ဆိုသည်။

ပြည်တွင်းမီဒီယာမှ ဖော်ပြမှုအရ လူနေမှုစရိတ်စက အကျပ်အတည်းကြောင့် ကီဝီလူမျိုးများသည် နိုင်ငံရပ်ခြားသို့ ပြောင်းရွှေ့ရန်ပင် စဉ်းစားနေကြသည်ဟု ဆိုသည်။ ဆင်ဟွာ

## လူကုန်ကူးမှုပပျောက်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအစိုးရ ကတိပြု

ဖနောင်ပင် ဩဂုတ် ၁၂

ကမ္ဘောဒီးယားနိုင်ငံ၌ လူကုန်ကူးမှုနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများကို တားဆီးနှိမ်နင်းရာတွင် ၂၀၂၀ ပြည့်နှစ်အတွင်း ၁၅၅ မှုသာရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်အတွင်း ၃၅၉ မှု ဖြစ်ပွားခဲ့သဖြင့် လူကုန်ကူးမှုများ သိသိသာသာတိုးလာကြောင်း အကြီးတန်းအရာရှိတစ်ဦးက ဩဂုတ် ၁၂ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့်နှစ်အတွင်း အစိုးရက ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် အလုပ်များနေစဉ် ဒုစရိုက်သမားအချို့က နယ်စပ်ဖြတ်ကျော် လူမှောင်ခိုရောင်းဝယ်ခြင်းများဆောင်ရွက်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်သည် လူကုန်ကူးမှု အမြင့်ဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူနှင့် သတင်းမီဒီယာများ တွေ့ဆုံသည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အတွင်းဝန် ချိုဘန်အင်းက ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၁ ခုနှစ်အတွင်း လူကုန်ကူးမှု သံသယရှိသူ ၅၃၈ ဦးကို တရားရုံးသို့ ပို့ဆောင်နိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ၁၅၇၇ ဦးကို ကယ်တင်နိုင်ခဲ့ကာ အစိုးရက လူကုန်ကူးမှုနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု ပုံစံအားလုံးကို ဖယ်ရှားပစ်ရန် ကတိပြုကြောင်း လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အမြဲတမ်းဒုဥက္ကဋ္ဌလည်းဖြစ်သူ ချိုဘန်အင်းက ထပ်လောင်းပြောကြားလိုက်သည်။ ဆင်ဟွာ

## အင်္ဂလန်နိုင်ငံ၏ နေရာအတော်များများ၌ မိုးခေါင်ရေရှားဖြစ်ပေါ်လျက်ရှိ

လန်ဒန် ဩဂုတ် ၁၂

အင်္ဂလန်နိုင်ငံ၏ နေရာအတော်များများ၌ ပြီးခဲ့သည့် လများအတွင်း စံချိန်တင်မိုးရွာသွန်းမှု လျော့နည်းခြင်းနှင့် ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်း အပူချိန်များ စံချိန်တင်မြင့်တက်ခဲ့ခြင်းတို့ကြောင့် အင်္ဂလန်တွင် မိုးခေါင်ရေရှားမှုဖြစ်ပေါ်နေကြောင်း ကြေညာချက်ကို အစိုးရက ဩဂုတ် ၁၂ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။

အမျိုးသားအဆင့် မိုးခေါင်ရေရှားမှုပြဿနာဆိုင်ရာအဖွဲ့၏ အစည်းအဝေးတစ်ခုတွင် အစိုးရပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အေဂျင်စီက အင်္ဂလန်နိုင်ငံ အနောက်တောင်ပိုင်း၊ တောင်ပိုင်း၊ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် မိုးခေါင်ရေရှားမှု အခြေအနေကို ရင်ဆိုင်နေရပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အေအက်ဖ်ပီ

## ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းခရိုင်များ၌ မိုးသည်းထန်စွာ ရွာသွန်းနိုင်ဖွယ်ရှိ

တိုကျို ဩဂုတ် ၁၂

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းခရိုင်များဖြစ်သည့် အိုမိုရီနှင့် အာကီတာတို့တွင် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း ဂျပန်မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။

ဂျပန်နိုင်ငံမြောက်ပိုင်းသို့ ဦးတည်နေသော လေဖိအားနည်းရပ်ဝန်းသည် ဩဂုတ် ၁၂ ရက်ညအထိ အိုမိုရီနှင့်အာကီတာ ခရိုင်နှစ်ခု၏ ဝေဟင်ထက်တွင် မိုးတိမ်တောင်များကို ဖွဲ့စည်းဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

မိုးရွာသွန်းမှု များပြားခြင်းကြောင့် မြေပြိုမည့် သတိပေးချက်များကို လည်း အိုမိုရီ၊ အာကီတာနှင့် အိုင်ဝါတီခရိုင်များရှိ အချို့ဒေသများတွင် ထုတ်ပြန်ထားသည်။ အင်န်အိတ်ချ်ကေ

## အမေရိကန်ပြည်ထောင်စု၌ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူ ၁၀၀၀၀ ကျော်ရှိ

ဝါရှင်တန် ဩဂုတ် ၁၂

အမေရိကန်ပြည်ထောင်စု၌ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၁၀၀၀၀ အထက် ရှိလာပြီဖြစ်သည်။

အမေရိကန်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အေဂျင်စီက ဩဂုတ် ၁၁ ရက်အထိ နိုင်ငံအတွင်း မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူ ၁၀၇၆၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်းနှင့် ကမ္ဘာပေါ်တွင် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ပြောသည်။

အမေရိကန်နိုင်ငံအတွင်း မေလ၌ ပထမဆုံး မျောက်ကျောက်ရောဂါ စတင်တွေ့ရှိချိန်မှစကာ ယနေ့အချိန်အထိ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ဩဂုတ် ၄ ရက်က အမေရိကန်အစိုးရသည် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့ပြီးနောက် နိုင်ငံတွင်းရှိလူများကို မျောက်ကျောက်ရောဂါ ကာကွယ်ဆေးပိုမိုထိုးပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း ကာကွယ်ဆေးပြတ်တောက်မှုကြောင့် အချို့လူများမှာ ကာကွယ်ဆေးထိုးချင်သော်လည်း မထိုးနိုင်သေးကြောင်း သိရသည်။ အင်န်အိတ်ချ်ကေ

# တရုတ်ဆိုတာ တစ်နိုင်ငံတည်းပါ

▬ ▬ ▬ မောင်မျိုးအောင်(ပန်းရော) ▬ ▬ ▬

❑ **ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆက်ဆံရေးကို ယုံကြည်မှုနဲ့ ချစ်ချစ်ခင်ခင်နေတာက အကောင်းဆုံးလို့ကျွန်တော်က ခံယူထားတယ်။ အိမ်နီးချင်းထက် စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံဆိုတာ မရှိဘူး။ အိမ်နီးချင်းဆိုတာ အရင်းနှီးဆုံး နိုင်ငံဖြစ်ရမယ်။ အိမ်နီးချင်းကောင်းပဲ ဖြစ်ရမယ်။ နိုင်ငံအားလုံးနဲ့ အိမ်နီးချင်းငါးနိုင်ငံနဲ့ ချစ်ကြည်အောင် ဆောင်ရွက်ပါတယ်။ တရုတ်နဲ့မြန်မာကလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးမူ ၅ ချက်ကို ကမ္ဘာမှာစပြီး လက်မှတ်ထိုးခဲ့တဲ့နိုင်ငံတွေ ဖြစ်တယ်**

၂၀၂၂ ခုနှစ်တွင် ကမ္ဘာကြီးမှာ စစ်မီးသံများ ဆက်တိုက်ထွက်ပေါ်လာ၏။ ဖန်တီးသူ မီးပွားစပေးသူက တစ်ဦးတည်းသာဖြစ်၏။ စစ်ငွေ့သန်းသည့် နေရာကို လေ့လာကြည့်လျှင် ကမ္ဘာကြီး၏ အနောက်ခြမ်းမှသည် အရှေ့ခြမ်းဆီသို့ ရွှေ့စပြုလာ၏။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းကို NATO အဖွဲ့ထဲသို့ ဝင်ရောက်နိုင်ရေးအတွက် ရုရှားဖြင့် စစ်မီးမွှေးခဲ့၏။ ယခုအထိ အဆုံးမသတ်နိုင်သေး။ ထို့အတူ ၂၀၂၂ ခုနှစ် ဩဂုတ်လ လဆန်းက တရုတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ထိုင်ဝမ်ကျွန်းသို့ အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီ၏ ခရီးစဉ်ဖြစ်၏။ အနောက်ဘက်တွင် မီးစမွှေးခဲ့သဖြင့် စွမ်းအင်အစပြုသည့် ဂယက်တို့သည် အနောက်ကမ္ဘာတွင် အတော်လေး လှုပ်လှုပ်ခတ်ခတ် ခံစားနေရပြီ ဖြစ်၏။ ထိုင်ဝမ်အရေး၏ လှုပ်ခတ်မှုကားသည်ထက် ကမ္ဘာတွင် စီးပွားရေးအရ လှုပ်ခတ်မှုဖြစ်ပေလိမ့်မည်။ ကမ္ဘာနိုင်ငံအများစုနှင့် မြန်မာနိုင်ငံတို့ကပါ အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ၏ ထိုင်ဝမ်ခရီးစဉ်အား သဘောမတွေ့လှ။ ကမ္ဘာကြီးကို ငြိမ်းချမ်းသာယာစေချင်၏။ ထို့ကြောင့် ထို့ကြောင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို မြန်မာနိုင်ငံက အစဉ်တစိုက် လေးနက်စွာ ထောက်ခံခဲ့သည်။

## သံတမန်ရေးရာ ကျွမ်းကျင်လိမ္မာစွာ ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်မှုများ တွေ့ရ

မြန်မာနှင့်တရုတ်နိုင်ငံသည် နယ်နိမိတ်ချင်း ထိစပ်နေ၏။ ကီလိုမီတာပေါင်း ၂၂၀၀ ကျော်လောက် ထိစပ်နေသည့် နိုင်ငံဖြစ်၏။ ၎င်းအပြင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုရှိပြီး နယ်စပ်တွင် နေထိုင်သည့် တိုင်းရင်းသားတို့မှာလည်း တူညီမှုရှိ၏။ နှစ်နိုင်ငံနယ်စပ်ဒေသရှိ တိုင်းရင်းသားများမှာ တိုင်းရင်းသားမျိုးနွယ်တူသာမက လူနေမှု စနစ်ပါ တူညီမှုရှိကြ၏။ သမိုင်းကြောင်းအရ တရုတ်-မြန်မာနှစ်နိုင်ငံတို့အကြား သံတမန်ခင်းဆက်ဆံရေးသည် အေဒီ ၈၀၂ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပျူကိုယ်စားလှယ်အဖွဲ့က တရုတ်နိုင်ငံ ထန်မင်းဆက်လက်ထက် မြို့တော်ဖြစ်သည့် ချန်းအန်မြို့သို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် အချိန်ကစသည်ဟု မှတ်တမ်းများအရသိရ၏။ ထိုအချိန်မှစ၍ နှစ်နိုင်ငံဘုရင်များ အဆက်ဆက် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးဖြင့် တရားဝင်ဆက်ဆံရေးကို ထူထောင်လာခဲ့၏။ မြန်မာသက္ကရာဇ် ၆၄၀ ပြည့်နှစ် ပုဂံမင်း နရသီဟပတေ့နှင့် တရုတ်မွန်ဂိုဘုရင်ကူဗလိုင်ခန်တို့ မပြေမလည်ဖြစ်ခဲ့ရာ ၎င်းကိစ္စအား ပြေလည်မှုရစေရန်အတွက် နရသီဟပတေ့မင်း၏ ဆရာတော် ရှင်ဒိသာပါမောက်သည် တရုတ်ပြည် ပီကင်းသို့သွားရောက်၍ ကူဗလိုင်ခန်နှင့်တွေ့ဆုံပြီး သံတမန်ရေးရာ ကျွမ်းကျင်လိမ္မာစွာ ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်မှုများကိုလည်း တွေ့ရ၏။

## မြန်မာနိုင်ငံ၏ တရုတ်နိုင်ငံအပေါ် ကြိုဆိုထောက်ခံခြင်းသည် အာရှတိုက်တွင် ပထမဆုံး အသိအမှတ်ပြုသည့် နိုင်ငံဖြစ်

၁၉ ရာစု အစပိုင်းတွင် အနောက်နိုင်ငံမှ နယ်ချဲ့များ တရုတ်နိုင်ငံသို့ စတင်ရောက်ရှိလာခဲ့ပြီး ထိုအထဲမှ ဗြိတိသျှတို့သည် တရုတ်နိုင်ငံသို့ ဘိန်းများတင်သွင်းစေ၍ နိုင်ငံအား အင်အားချည့်နဲ့စေရန် ဆောင်ရွက်ခဲ့သည်။ ဘိန်းတင်သွင်းမှုကြောင့်လည်း ၁၈၄၁ ခုနှစ်မှ ၁၈၄၂ ခုနှစ်အထိ ပထမဘိန်းစစ်ပွဲ၊ ၁၈၅၆ ခုနှစ်မှ ၁၈၆၀ ပြည့်နှစ်အထိ ဒုတိယဘိန်းစစ်ပွဲတို့ကို ဆင်နွှဲခဲ့ရပြီး ၎င်းစစ်ပွဲများတွင် အရေးနိမ့်မှု မှသည် တရုတ်ဘုရင်တို့၏ ဩဇာကျဆင်းခဲ့ရသည်။ ထို့အတူမြန်မာနိုင်ငံတွင်လည်း အင်္ဂလိပ်-မြန်မာ စစ်ပွဲကြီးများ ဖြစ်ပွားနေသည့်ကာလဖြစ်သဖြင့် အိမ်နီးချင်းနှစ်နိုင်ငံ၏ သမိုင်းကြောင်းများလည်း နီးစပ်မှုရှိကြ၏။ မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုသည့် ကြေညာချက်တစ်ရပ်အား ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့၏။ ထိုကဲ့သို့ မြန်မာနိုင်ငံ၏ တရုတ်နိုင်ငံအပေါ် ကြိုဆိုထောက်ခံခြင်းသည် အာရှတိုက်တွင် ပထမဆုံး အသိအမှတ်ပြုသည့် နိုင်ငံဖြစ်၏။

၁၉၄၅-၁၉၅၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်တို့သည် မြန်မာနယ်စပ်နှင့် မြန်မာနိုင်ငံအတွင်းသို့ ရိုက်ခတ်မှုရှိ၏။ ထို့အတူပင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်ဖြစ်ပေါ်ပြောင်းလဲမှုတို့သည်လည်း တရုတ်နိုင်ငံနယ်စပ်နှင့် တရုတ်နိုင်ငံအထိလည်း ရိုက်ခတ်မှုရှိခြင်းသည် ထူးခြားချက်များပင်ဖြစ်၏။

အမေရိကန်နှင့် အနောက်နိုင်ငံများ၏ ထောက်ခံမှုဖြင့် ကူမင်တန်အစိုးရသည် ၁၉၇၁ ခုနှစ်မတိုင်ခင် တရုတ်နိုင်ငံ၏ တရားဝင်အစိုးရအဖြစ် ကမ္ဘာ့ကုလသမဂ္ဂတွင်နေရာ ရခဲ့သည်။ တရုတ်ပြည်မက ၁၉၇၁ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာသောအခါမှ ကူမင်တန် (ထိုင်ဝမ်) အစိုးရသည် ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ်မှ အလိုအလျောက် ပျက်ပြယ်သွားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်ကာလအတွင်း တရုတ်ဖြူ ကူမင်တန်များသည် အမေရိကန်၏ အကြံပေးမှုဖြင့် မြန်မာနိုင်ငံ နယ်စပ်တွင် ခြေကုပ်ယူ၍ တရုတ်နိုင်ငံ ယူနန်နယ်အတွင်း ဝင်ရောက်တိုက်ခိုက်ပြီး လွတ်မြောက် နယ်မြေဖန်တီးရန်၊ ၎င်းမှတစ်ဆင့် တရုတ် ပြည်မကြီးအတွင်းအထိ တစ်စတစ်စတိုက်ခိုက်သိမ်းပိုက်ရန် စီစဉ်ခဲ့ကြသည်။ ထို့ကြောင့်လည်း ယူနန်ပြည်ဘက်မှ တရုတ်ဖြူတပ်များသည် မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်လာခဲ့သည်။ တရုတ်ဖြူများ၏ ကျူးကျော်မှုသည် နယ်ချဲ့စီမံကိန်းအထိပါဝင်နေပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကိုပါ ကျူးကျော်ခဲ့သဖြင့် တရုတ်ဖြူ ကျူးကျော်ရေးသမားများကို မြန်မာ့တပ်မတော်က တွန်းလှန်တိုက်ထုတ်ခဲ့ရသည်။ တရုတ်ဖြူတို့က အစပြုခဲ့သော မူးယစ်ဆေးပြဿနာမှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသ၌ ယခုထက်တိုင် နှိမ်နင်းနေရဆဲဖြစ်သည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ကောင်းမွန်သော ဆက်ဆံရေးကိုလည်း ပျက်ပြားစေရန် ကြံစည်ခဲ့ခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒကိုလည်း ချိုးဖျက်ရန် ကြံစည်ခဲ့ခြင်းလည်းဖြစ်သည်။

## ထိုင်ဝမ်သည် တရုတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ကြောင်း ထပ်လောင်းအတည်ပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀-၅-၂၀၂၁ ရက်နေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix ရုပ်သံမီဒီယာနှင့် တွေ့ဆုံမေးမြန်းစဉ် **“ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆက်ဆံရေးကို ယုံကြည်မှုနဲ့ ချစ်ချစ်ခင်ခင်နေတာက အကောင်းဆုံးလို့ကျွန်တော်က ခံယူထားတယ်။ အိမ်နီးချင်းထက် စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံဆိုတာ မရှိဘူး။ အိမ်နီးချင်းဆိုတာ အရင်းနှီးဆုံး နိုင်ငံဖြစ်ရမယ်။ အိမ်နီးချင်းကောင်းပဲ ဖြစ်ရမယ်။ နိုင်ငံအားလုံးနဲ့ အိမ်နီးချင်းငါးနိုင်ငံနဲ့ ချစ်ကြည်အောင် ဆောင်ရွက်ပါတယ်။ တရုတ်နဲ့မြန်မာကလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးမူ ၅ ချက်ကို ကမ္ဘာမှာစပြီး လက်မှတ်ထိုးခဲ့တဲ့နိုင်ငံတွေ ဖြစ်တယ်”** ဟု ပြောကြားခဲ့ဖူး၏။ အိမ်နီးချင်းနှစ်နိုင်ငံ၏ နီးကပ်နွေးထွေးသော ဆက်ဆံမှု ဝိသေသသာဖြစ်၏။ အိမ်နီးချင်းနိုင်ငံပီပီ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို ခိုင်ခိုင်မာမာ ရပ်တည်ထောက်ခံခြင်း၊ ထိုင်ဝမ်သည် တရုတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခြင်း ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးစွမ်းအား အဘက်ဘက်မှ လျော့ပါးလာချိန်တွင် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရ၏။ တရုတ်နိုင်ငံသည်ပင် တရုတ်-အင်္ဂလိပ်စစ်ပွဲဖြစ်သည့် ပထမဘိန်းစစ်ပွဲအပြီး ၁၈၄၁ ခုနှစ်တွင် ဟောင်ကောင်ကျွန်းကို ဗြိတိသျှလက်သို့ အငှားစာချုပ်ဖြင့် ထိုးအပ်လိုက်ရ၏။ ၁၈၆၀ ပြည့်နှစ် ဒုတိယစစ်ပွဲတွင် ဗြိတိသျှတို့က ကိုလိုနီပြုမှုကို ကိုးလွန်းကျွန်းဆွယ်အထိ နယ်ချဲ့လာပြီး ၁၈၉၈ ခုနှစ်တွင် ဟောင်ကောင်ဒေသ ၈၆ ရာခိုင်နှုန်းကျော်ပါဝင်သည့် နယ်မြေအသစ်များကို ၉၉ နှစ်ကြာ အငှားစာချုပ်ဖြင့် သိမ်းပိုက်နိုင်ခဲ့၏။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည့် ၁၉၄၁ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ဗြိတိသျှလက်အောက်ရှိ ဟောင်ကောင်အား ဂျပန်တို့က သိမ်းပိုက်ခဲ့၏။ ဒုတိယကမ္ဘာစစ်အပြီးတွင်မူ ဗြိတိသျှတို့က ဟောင်ကောင်ကို ဆက်လက်အုပ်ချုပ်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့၏။ လက်ရှိအချိန်တွင် ဟောင်ကောင်ဒေသသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တစ်နိုင်ငံ အုပ်ချုပ်မှုစနစ်နှစ်မျိုးအခြေခံသဘောတရား၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိသည်။ ဟောင်ကောင်သည် ကမ္ဘာပေါ်တွင် လူဦးရေအထူထပ်ဆုံးဒေသတစ်ခုဖြစ်သည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှု အရှိဆုံးဒေသနှင့် ကမ္ဘာ့ဘဏ္ဍာရေးဗဟိုဌာနတို့လည်းဖြစ်၏။ ဗြိတိသျှလက်အောက်တွင် ရှိနေစဉ်အခါက ငွေရေးကြေးရေးပဏာမ တွက်ချက်မှုအရ ဟောင်ကောင်၏ GDP မှာ ၁၉၉၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၇ ဘီလီယံ၊ ၁၉၉၆ ခုနှစ်တွင် ၁၅၉ ဒသမ ၇ ဘီလီယံနှင့် ၁၉၉၇ ခုနှစ်တွင် ၁၇၇ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃၄၃ ဘီလီယံနှင့် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၆၇ ဒသမ ၉ ဘီလီယံ အထိရှိခဲ့၏။ အိမ်ရှင်နှင့် ဧည့်သည်၊ သွေးချင်းနှင့် သွေးခြားတို့ လက်ဝယ် နှစ်ခုအတွင်း ကွာဟချက်ကို သိနိုင်၏။

## မကာအိုဒေသအား တစ်နိုင်ငံ၊ အုပ်ချုပ်မှုစနစ် နှစ်မျိုး အခြေခံသဘောတရားဖြင့် လွတ်လပ်စွာ အုပ်ချုပ်ခွင့်ပေးထား

ထို့အတူ မကာအိုဆိုသည်မှာလည်း လက်ရှိတရုတ်နိုင်ငံ၏ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး ကမ္ဘာပေါ်တွင် လူဦးရေအထူထပ်ဆုံးဒေသတစ်ခုလည်းဖြစ်၏။ ၁၅၅၇ ခုနှစ် မင် မင်းဆက်လက်ထက်တွင် ပေါ်တူဂီသို့ ကုန်သွယ်ရေးစခန်းအဖြစ် တရုတ်နိုင်ငံက ငှားရမ်းခဲ့၏။ ပေါ်တူဂီတို့က မကာအိုအား ငှားရမ်းထားသည့်အတွက် ငှားရမ်းခကို နှစ်စဉ်ပေးအပ်ခဲ့၏။ ထိုငှားရမ်းမှုဖြင့် ၁၈၈၇ ခုနှစ်အထိ တရုတ် အချုပ်အခြာအာဏာအောက်ရှိ ထိုဒေသကို ပေါ်တူဂီတို့က အုပ်ချုပ်ခဲ့၏။ ထို့နောက် တရုတ်-ပေါ်တူဂီ ပီကင်းသဘောတူစာချုပ်ကြောင့် ပေါ်တူဂီတို့က မကာအိုဒေသကို ရာသက်ပန် ကိုလိုနီအုပ်ချုပ်ခွင့် ရရှိခဲ့ရာ ၁၉၉၉ ခုနှစ်တွင် တရုတ်နိုင်ငံ၏ လက်အတွင်းသို့ ပြန်လည်အပ်နှံလိုက်ရသည့် အချိန်ထိဖြစ်၏။ လက်ရှိတွင် တရုတ်နိုင်ငံက မကာအိုဒေသအား တစ်နိုင်ငံ၊ အုပ်ချုပ်မှုစနစ် နှစ်မျိုးဟူသော အခြေခံသဘောတရားဖြင့် လွတ်လပ်စွာ အုပ်ချုပ်ခွင့်ပေးထား၏။ မကာအိုဒေသသည်လည်း ပေါ်တူဂီလက်အောက်တွင် ရှိစဉ်အခါ ငွေရေးကြေးရေး တွက်ချက်မှုအရ ၁၉၉၈ ခုနှစ်တွင် GDP အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၉၈ ဘီလီယံနှင့် ၁၉၉၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၄၈ ဘီလီယံရှိခဲ့ပြီး တရုတ်နိုင်ငံမှ တစ်နိုင်ငံ၊ အုပ်ချုပ်မှုစနစ်နှစ်မျိုးဖြင့် လွတ်လပ်စွာ အုပ်ချုပ်ခွင့် ရထားသော အခြေအနေတွင် GDP တိုးတက်မှု ရှိလာခဲ့၏။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါမဖြစ်ခင် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၂၁ ဘီလီယံအထိရှိခဲ့ပြီး ကပ်ရောဂါဖြစ်ပွားဆဲဖြစ်သည့် ၂၀၂၁ ခုနှစ်တွင်ပင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၉၁ ဘီလီယံထိရှိသည်ကို တွေ့ရှိရ၏။ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်ဖြစ်စေ သွေးသားရင်းချာလောက် မနွေးထွေး မစောင့်ရှောက်နိုင်၊ မကောင်းနိုင်သည်မှာ သိသာလှ၏။

*စာမျက်နှာ ၁၅ သို့*

*စာမျက်နှာ ၁၄ မှ*

တရုတ်နိုင်ငံသည် ၁၈၉၄–၁၈၉၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၃၇–၁၉၄၅ ခုနှစ်တွင် တစ်ကြိမ် ဂျပန်နှင့်စစ်ဖြစ်ခဲ့၏။ ပထမအကြိမ်တွင် ထိုင်ဝမ်ကျွန်းအား လက်လွှတ်ခဲ့ရ၏။ ဒုတိယအကြိမ်တွင် မဟာမိတ်များ၏ ပူးပေါင်းတိုက်ပွဲဝင်မှုဖြင့် လက်လွှတ်ခဲ့ရသည့်နေရာအား ပြန်လည်ရရှိခဲ့၏။ ၁၉၄၀ ပြည့်နှစ်အလွန်ကာလ တရုတ်ပြည်တွင်းစစ်ဖြစ်ပွားမှုအပြီးတွင် စစ်ရှုံးနိမ့်ခဲ့သည့် ကူမင်တန်တပ်မတော်၏ အကြွင်းအကျန်အစုတို့သည် တရုတ်ကမ်းလွန် ထိုင်ဝမ်ကျွန်းသို့ ကူးပြောင်းခိုလှုံခဲ့ပြီး နိုင်ငံတစ်နိုင်ငံထူထောင်ခဲ့၏။ ၁၉၇၁ ခုနှစ်တွင် ကျင်းပသည့် (၂၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၂၇၅၈ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစိုးရကိုသာ ကုလသမဂ္ဂတွင် ကိုယ်စားလှယ်ထားခွင့်ပေးထားပြီး ချန်ကေရှိတ် ဦးစီးကိုယ်စားလှယ်အဖွဲ့အား ကုလသမဂ္ဂမှ ဖယ်ထုတ်ထားကြောင်း ဖော်ပြထား၏။ ၎င်းအပြင် ထိုင်ဝမ်ကျွန်းပါဝင်သည့် တရုတ်နိုင်ငံသည် တစ်နိုင်ငံတည်းသာရှိပြီး တရုတ်နိုင်ငံ နှစ်နိုင်ငံမရှိကြောင်း၊ တရုတ်တစ်နိုင်ငံ၊ ထိုင်ဝမ်တစ်နိုင်ငံဟူ၍ မရှိကြောင်းကိုလည်း အတိအလင်းထုတ်ပြန်ကြေညာခဲ့၏။ ၎င်းအပြင်ကုလသမဂ္ဂက ထိုင်ဝမ်အား တရုတ်နိုင်ငံ၏ ပြည်နယ်တစ်ခုအနေဖြင့်သာ သတ်မှတ်ရည်ညွှန်းခဲ့၏။ ထို့ကြောင့်လည်း အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈၁ နိုင်ငံက တရုတ်နိုင်ငံဖြင့် တရားဝင်သံတမန်ဆက်ဆံရေးအား ထူထောင်လျက်ရှိခြင်းပင်ဖြစ်၏။ မြန်မာနိုင်ငံအနေဖြင့်လည်း ထိုင်ဝမ်စီးပွားရေးကုမ္ပဏီအချို့ မြန်မာနိုင်ငံ၌ လာရောက်အလုပ်လုပ်ကိုင် နေသည်မှအပ တရားဝင်သံတမန် အဆက်အသွယ် မည်သည့်အခါမျှ မရှိခဲ့ချေ။

### ထိုင်ဝမ်ဒေသကို တရုတ်နိုင်ငံ၏ နယ်မြေဒေသ အစိတ်အပိုင်းအဖြစ် အမြဲ ပြောကြားနေလျက်ရှိ

၎င်းအပြင် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်သည့် တရုတ်–အမေရိကန် တရားဝင် သံတမန်ဆက်ဆံရေးထူထောင်မှု ပူးတွဲသဘောတူကြေညာချက်တွင် **“တရုတ်နိုင်ငံဆိုတာ နိုင်ငံတစ်ခုဖြစ်ပြီး ထိုင်ဝမ်ဆိုတာ တရုတ်နိုင်ငံ၏ အစိတ်အပိုင်းဖြစ်တယ်ဆိုတဲ့ အချက်ကို အမေရိကန်ပြည်ထောင်စုက အသိအမှတ်ပြုကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစိုးရကိုသာ တရုတ်နိုင်ငံ၏ တစ်ခုတည်းသော တရားဝင်အစိုးရအဖြစ်သတ်မှတ်ကြောင်း”**ဖော်ပြထား၏။ ထို့ကြောင့် တရုတ်နိုင်ငံသည် ထိုင်ဝမ်ဒေသကို ၎င်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အမျိုးသားလုံခြုံရေးဥပဒေ၊ သမိုင်းကြောင်းအစဉ်အလာတို့အရ တရုတ်နိုင်ငံ၏ နယ်မြေဒေသ အစိတ်အပိုင်းအဖြစ် အမြဲ ပြောကြားနေလျက်ရှိသကဲ့သို့ တစ်နိုင်ငံတည်းမူဝါဒ (One China Policy) အား အစဉ်သဖြင့် လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့၏။ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင်လည်း ထိုင်ဝမ်နှင့်ဆက်ဆံရေး ထူထောင်နေမှုများကိုလည်း ကန့်သတ်ထားရှိမှုနှင့်အတူ နိုင်ငံတကာသို့လည်း သတိပေးမှုပြုလုပ်လေ့ရှိ၏။

ဖော်မိုဆာ(ထိုင်ဝမ်)ကျွန်းသို့ ထွက်ပြေးခဲ့သော တရုတ်ဖြူအစိုးရမှာ တရုတ်ပြည်မကြီးအား ၎င်းလက်သို့ ပြန်လည်ရရှိရေးအတွက် အစဉ်တစိုက် ကြိုးစားခဲ့၏။ ကြိုးစားတိုင်းလည်း ရှုံးနိမ့်ခဲ့၏။ ၎င်းတို့အနေဖြင့် တရုတ်ပြည်မကြီးက ထွက်ပြေးလာရသည့်တိုင် ပြည်မကြီးအား ၎င်းတို့သာ ပိုင်သည်ဟု မှတ်ယူထားပြီး တစ်နေ့နေ့တွင် ပြန်လည်သိမ်းယူနိုင်မည်ဟု မှတ်ထင်ထားကြ၏။ သို့သော် ပြည်မကြီးက ထွက်ပြေးလာကြပြီး နှစ်ပေါင်း ၅၀ ကျော်မျှ ကျော်လွန်လာချိန်တွင် ထိုင်ဝမ်ရှိ ခေါင်းဆောင်များ၏အမြင်သည် ပြောင်းလဲလာဟန်ရှိ၏။ မူလက တရုတ်ပြည်မကြီးအား ပြန်လည်ရရှိရေးရည်မှန်းချက်ထားခဲ့ကြသော်လည်း တဖြည်းဖြည်းချင်း ထိုင်ဝမ်အား သီးခြားလွတ်လပ်သည့် နိုင်ငံတစ်ခုအဖြစ် ဖြစ်တည်လိုလာကြ၏။ ငွေကြေးချမ်းသာသည့်တိုင် ကမ္ဘာတွင် နေရာမရသည့်အခါ ထိုင်ဝမ်အစိုးရအနေဖြင့် အခြားသော နည်းလမ်းများကိုအသုံးပြု၍ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးရရှိအောင် ကြိုးပမ်းလာခဲ့၏။ အမေရိကန်အနေဖြင့် ထိုအခွင့်အရေးအား လက်လွှတ်မခံဘဲ ထိုင်ဝမ်၏ ကယ်တင်ရှင်သဖွယ်ဖြစ်အောင် ဝင်ရောက်နေရာယူလာခဲ့၏။ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က ပြုလုပ်ခဲ့သည့် အမေရိကန်လွှတ်တော်အမတ်များ ဦးဆောင်သည့် ထိုင်ဝမ်လုံခြုံရေး ဖော်ဆောင်မှုဥပဒေကို အောက်လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့၏။ ထိုဥပဒေအတည်ပြုမှုကြောင့် အမေရိကန်နှင့် ထိုင်ဝမ်တို့အကြား စစ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဘက်ပေါင်းစုံတွင်ကျယ်စွာ ပေါင်းစည်းခွင့်ရသွားခဲ့၏။ အမေရိကန်အနေဖြင့် ထိုသို့လုပ်ဆောင်ခြင်းသည်ပင် ၁၉၇၈ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် တရားဝင်သံတမန်ဆက်ဆံရေးထူထောင်မှု ပူးတွဲသဘောတူညီချက်ကို ပြောင်ကျကျချိုးဖောက်ခဲ့ခြင်းသာ ဖြစ်၏။ လက်ရှိ ထိုင်ဝမ်ကျွန်းတွင် ဆိုင်ယင်းဝမ် အာဏာရရှိလာသည့် ၂၀၁၆ ခုနှစ်မှစ၍ တရုတ်နိုင်ငံမှ ခွဲထွက်ရေးကြိုးပမ်းချက်ကို အမေရိကန်အစိုးရအဆက်ဆက်၏ အားပေးထောက်ခံမှုဖြင့် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့၏။ ထိုသို့ကြိုးပမ်းရာတွင် နိုင်ငံရေးနည်းဖြင့်သာမက စစ်ရေးနည်းဖြင့်ပါ ကြိုးပမ်းလုပ်ဆောင်ခဲ့မှုများ ရှိလာခဲ့၏။ ထိုင်ဝမ်၏ ခွဲထွက်ရေးကြိုးပမ်းမှုတွင် အမေရိကန်နိုင်ငံသည် အဓိကအခန်းမှ အားပေးအားမြှောက်ပြုလာခဲ့၏။ အမေရိကန်အောက်လွှတ်တော် ဥက္ကဋ္ဌ ထိုင်ဝမ်သို့ ရုတ်တရက်ဝင်ရောက်ခဲ့သည့် ခရီးစဉ်သည် တရုတ်တစ်နိုင်ငံတည်း မူဝါဒအပေါ် အတိအလင်း ချိုးဖောက်မှုအဖြစ် တရုတ်နိုင်ငံမှ ရှုမြင်ထားပြီး နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ရလဒ်ပေါင်းစုံကို တွေ့မြင်လာရ၏။ ထို့ကြောင့်လည်း ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ထိုင်ဝမ်နှင့်ပတ်သက်သည့် တရုတ်နိုင်ငံ၏ တတိယအကြိမ်မြောက် စက္ကူဖြူစာတမ်းက သက်သေခံနေ၏။

### ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အကြောင်းပြကာ တရုတ်နိုင်ငံအား တိုက်ခိုက်

အမေရိကန်နိုင်ငံသည် ၎င်း၏ပြိုင်ဘက်ဖြစ်လာသည့် ကမ္ဘာ့စီးပွားရေးနှင့် စစ်ရေးအင်အားကြီးဖြစ်သည့် တရုတ်နိုင်ငံအား အင်အားချည့်နဲ့နိုင်ရေး ကြိုးပမ်းမှုဖြင့် ဒီမိုကရေစီစံသတ်မှတ်ချက်များကို အကြောင်းပြုပြီး တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များကို ဝင်ရောက်စွက်ဖက်လျက်ရှိ၏။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံသည် ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်း အခြေအနေများ၊ ရှင်ကျန်းဝီဂါဒေသရှိ အခြေအနေများကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အကြောင်းပြကာ အမျိုးမျိုးပုံဖော်ပြီး တရုတ်နိုင်ငံအား တိုက်ခိုက်လျက်ရှိပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမေရိကန်နိုင်ငံသည် တစ်နေ့တခြား အင်အားကြီးထွားလာသည့် တရုတ်နိုင်ငံအား မဟာဗျူဟာမြောက် ပြိုင်ဘက်အဖြစ် သတ်မှတ်ချဉ်းကပ်ပြီး အင်ဒို–ပစိဖိတ်ဒေသအတွင်း ဩဇာလွှမ်းမိုးမှုရရှိစေရေးအတွက်ဖြစ်သည်။ အထူးသဖြင့် အမေရိကန်သည် တရုတ်နိုင်ငံကို ထိန်းချုပ်ရေးမူဝါဒချမှတ်ကာ ထိုမူဝါဒအကောင်အထည်ဖော်ရေးအတွက် တရုတ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးကိစ္စများမှသည် ပြည်တွင်းရေးအထိ ဝင်ရောက်စွက်ဖက်မှုများ လုပ်ဆောင်လာခဲ့၏။

ပထမဦးစွာ အင်ဒို–ပစိဖိတ်ဒေသအတွင်း ဩဇာလွှမ်းမိုးကာ တရုတ်နိုင်ငံကို ထိန်းချုပ်နိုင်ရေးအတွက် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအား ၎င်းတို့ဘက်သို့ ပါလာစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ဆွဲဆောင်စည်းရုံးခဲ့၏။ အဓိကအားဖြင့် ခေတ်မီစစ်လက်နက်ပစ္စည်းများ အသုံးပြု ဆွဲဆောင်စည်းရုံးခြင်းဖြစ်ကာ ထိုသို့ဆွဲဆောင်စည်းရုံး၍ မရပါက အင်အားပြခြိမ်းခြောက်အကျပ်ကိုင်သည့် နည်းလမ်းကို အသုံးပြု၏။ အမေရိကန်အနေဖြင့် တရုတ်နိုင်ငံအား ထိန်းချုပ်နိုင်ရေးအတွက် လုပ်ဆောင်ခဲ့သည့် နည်းလမ်းများအနက် အများစုမှာ ဒေသတွင်းနိုင်ငံများ၊ ဒေသများကို ကြားခံစစ်တလင်းဖြင့် ဖန်တီးသည့် နည်းဗျူဟာအား အသုံးပြု ပုံဖော်လျက်ရှိပါသည်။ တရုတ်နိုင်ငံနှင့် အိမ်နီးချင်းဖြစ်သည့် ဒေသများ၊ နိုင်ငံများတွင်လည်း စစ်စခန်းများ တည်ဆောက်နိုင်ရေး သို့မဟုတ် ၎င်းတို့စိတ်တိုင်းကျ ကပြအသုံးတော်ခံမည့် ရုပ်သေးအစိုးရများကို တင်နိုင်ရေးအတွက်လည်း လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာကတည်းက ပြင်ဆင်လာခဲ့သည်ကို တွေ့မြင်ရပါသည်။

### မြန်မာနိုင်ငံသားများကို အသုံးချပြီး ရုပ်သေးအစိုးရ တင်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများလည်းရှိ

အလားတူ တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကောင်း တည်ဆောက်ထားနိုင်သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို အကြိမ်ကြိမ် ဝင်ရောက်စွက်ဖက်ကာ သနားညှာတာမှုရှိပြီး အယုံလွယ်သည့် မြန်မာနိုင်ငံသားများကို အသုံးချပြီး ရုပ်သေးအစိုးရ တင်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများလည်း ရှိခဲ့၏။ သို့သော် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နေသည့် မြန်မာ့တပ်မတော်ကြောင့် ၎င်းတို့ စိတ်တိုင်းကျ ဖြစ်မလာသည့်အခါ လူမဆန်သည့် အရေးယူပိတ်ဆို့မှုများ ချမှတ်၍ နိုင်ငံတော်ကြီး အလုံးစုံပျက်စီးအောင် ကြိုးပမ်းဆောင်ရွက်နေလျက် ရှိပါသည်။ အကယ်၍ မြန်မာနိုင်ငံသာ ၎င်းတို့ စိတ်တိုင်းကျ အစိုးရသာ ဖြစ်လာခဲ့ပါက ပထဝီနိုင်ငံရေးတွင် အချက်အချာကျသည့် ကျွန်ုပ်တို့ နိုင်ငံ၏ အနာဂတ်မှာ မတွေးဝံ့စရာပင်ဖြစ်လာမည်။

ထို့ပြင် အမေရိကန်တို့သည် တရုတ်နိုင်ငံ၏ အင်အားနည်းပါးသွားစေရေးအကြံဖြင့် တရုတ်နိုင်ငံ လက်အောက်ရှိ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ဖဲ့ထုတ်နိုင်ရေး အစဉ်တစိုက်ကြိုးပမ်းလျက်ရှိသည်ကို မှတ်တမ်းများအရ တွေ့ရှိနိုင်ပါသည်။ လက်ရှိနန်စီပလိုစီ၏ ခရီးစဉ်မှအစပြုပြီး ထိုင်ဝမ် ရေလက်ကြား၌ စစ်ရေးပြင်ဆင်မှုများနှင့် စစ်အင်အား အပြိုင်အဆိုင် တိုးချဲ့မှုများက မြင့်တက်လာနေ၏။ အမေရိကန်အနေဖြင့် ထိုင်ဝမ်အပေါ် စစ်ရေးအရ ကူညီထောက်ပံ့မှုများသာမက နိုင်ငံရေးအရ ထောက်ပံ့မှုများကို ပြောင်ပြောင်တင်းတင်း ပေးအပ်လာပါက တရုတ်နိုင်ငံကို လုပ်ရကိုင်ရခက်အောင် သို့မဟုတ် စီးပွားရေးကျဆင်းအောင်အထိ လုပ်ဆောင်လာသည်ကို တွေ့ရှိရ၏။ ၎င်းအပြင် ဒေသတွင်း ဒီမိုကရေစီအင်အားစုများက ထိုင်ဝမ်ကို ဘက်ပေါင်းစုံက ထောက်ပံ့ကူညီနိုင်ရေး ကြိုးပမ်းလာနိုင်ဖွယ်လည်းရှိ၏။ ထိုင်ဝမ်အနေဖြင့် တရုတ်နိုင်ငံအား ရင်ဆိုင်နိုင်ရန်အတွက် ၎င်းအား ထောက်ခံလိုလားသည့် အင်အားကြီးနိုင်ငံများနှင့် နိုင်ငံတကာမှ အကူအညီများ ရရှိရေးအတွက် နည်းလမ်းမျိုးစုံ ပိုမိုပြုလုပ်လာနိုင်ဖွယ်ရှိပြီး လိုအပ်ပါလျှင် စစ်ရေးအရလည်း လက်တုံ့ပြန် နိုင်ရေးအတွက် ပြင်ဆင်နိုင်ဖွယ်ရှိ၏။ ထိုသို့ အပြိုင်အဆိုင်ဆောင်ရွက်မှုများသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုများကို ထိခိုက်လာနိုင်ပြီး ဒေသတွင်း ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ခရီးသွားလာရေးလုပ်ငန်းများ အပါအဝင် ကဏ္ဍရပ်များစွာအပေါ် သက်ရောက်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်၏။

### ခွဲထွက်မှုများကြောင့် ပြိုကွဲခဲ့ရသော ပြည်ထောင်စုကြီးများ၏ ကန့်လန့်ကာနောက်ကွယ်တွင် လက်သည်ကြီး တည်ရှိနေ

အချုပ်အားဖြင့်ဆိုသော် ကမ္ဘာ့သမိုင်းစဉ်တွင် ခွဲထွက်မှုများကြောင့် ပြိုကွဲခဲ့ရသော ပြည်ထောင်စု ကြီးများ၏ ကန့်လန့်ကာနောက်ကွယ်တွင် အမေရိကန်တည်းဟူသော လက်သည်ကြီး တည်ရှိနေသည်ကို အားလုံး သတိမူတတ်ကြမည်ဆိုပါလျှင် ယနေ့တင်းမာနေသည့် ရုရှား–ယူကရိန်းအရေး၊ အစ္စရေး – ပါလက်စတိုင်းအရေး၊ ထိုင်ဝမ်ကျွန်းအရေး ကိစ္စများသည် ဖြစ်လာစရာ အကြောင်းအရင်း မရှိနိုင်ပါပေ။ ကျွန်တော်တို့ နိုင်ငံသားများအနေဖြင့်လည်း အဖျက်အမှောင့် အစုအဖွဲ့များ၏ နောက်ကွယ်မှ ဇာတ်လမ်းစုံအား အမှန်တရားအတိုင်း သိရှိအောင် ကြိုးစားကြမည်ဆိုပါလျှင် ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လေ ပိုင်နက်များ၏ တန်ဖိုးကို ပိုမိုသိရှိနားလည် ခံစားနိုင်လာလိမ့်မည်ဖြစ်၏။ ထိုသို့ သိရှိနားလည်ခံစားလာသည်နှင့်အမျှ ယနေ့တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်တစ်နိုင်ငံတည်းမူဝါဒ One China Policy အပေါ် ပိုမိုရှုမြင်နားလည်လာနိုင်ကြမည်ဟု ယူဆမိပါ၏။ ॥

**❍ တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကောင်း တည်ဆောက်ထားနိုင်သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို အကြိမ်ကြိမ် ဝင်ရောက်စွက်ဖက်ကာ သနားညှာတာမှုရှိပြီး အယုံလွယ်သည့် မြန်မာနိုင်ငံသားများကို အသုံးချပြီး ရုပ်သေးအစိုးရ တင်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများလည်း ရှိခဲ့၏။ သို့သော် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နေသည့် မြန်မာ့တပ်မတော်ကြောင့် ၎င်းတို့ စိတ်တိုင်းကျ ဖြစ်မလာသည့်အခါ လူမဆန်သည့် အရေးယူပိတ်ဆို့မှုများ ချမှတ်၍ နိုင်ငံတော်ကြီး အလုံးစုံပျက်စီးအောင် ကြိုးပမ်းဆောင်ရွက်နေလျက်ရှိပါသည်။ အကယ်၍ မြန်မာနိုင်ငံသာ ၎င်းတို့ စိတ်တိုင်းကျ အစိုးရသာ ဖြစ်လာခဲ့ပါက ပထဝီနိုင်ငံရေးတွင် အချက်အချာကျသည့် ကျွန်ုပ်တို့နိုင်ငံ၏ အနာဂတ်မှာ မတွေးဝံ့စရာပင်ဖြစ်လာမည်။**

မြန်မာ့အလင်း



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် မိုင်းအင်းကျေးရွာနေ မိုးမိုးအေးသည် ၎င်းအသုံးပြုသည့် “Moe Moe Aye” Faecbook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်နေ မင်းနိုင်သည် ၎င်းအသုံးပြုသည့် “Min Naing” Facebook အကောင့် တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် ဟားခါးမြို့အနီး CDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံခရီးသွားပြည်သူများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမျိုးသမီး တစ်ဦး သေဆုံး၊ အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိ

**နေပြည်တော် ဩဂုတ် ၁၂**

ချင်းပြည်နယ် ဟားခါးမြို့အနီး CDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသွားပြည်သူများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ယနေ့တွင် အပြစ်မဲ့ပြည်သူအမျိုးသမီးတစ်ဦးသေဆုံးပြီး အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

**တက်ရောက်ဆေးကုသမှုခံယူ**

ဖြစ်စဉ်မှာ ဟားခါးမြို့ ပြည်သူ့ဆေးရုံသို့ လက်နက်ငယ် ကျည်ထိမှန်ဒဏ်ရာများဖြင့် လူနာများ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက် စိစစ်ဖော်ထုတ်ခဲ့ရာ ဟားခါးမြို့ ဈေးသစ်ရပ်ကွက်နေ ဦးကောလျန် (ဘ) ဦးလာတင် ဟုတ်သည် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ရှန်းနမ်ကျဲ (ဘ) ဦးတွောင် လိန်းဆုန်နှင့် ညီဖြစ်သူ ဦးကပ်ထန် ဟရဲ(ဘ) ဦးလာတင်ဟုတ် တို့ လိုက်ပါ၍ ဟားခါးမြို့မှ Landcr-uiser အမျိုးအစား မော်တော်ယာဉ် အမှတ်၊ 2B/------- ဖြင့် ရန်ကုန်မြို့သို့ သွားရောက်စဉ် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ ခန့်တွင် ဟားခါးမြို့၏ အထွက် ၄ မိုင်ခန့် အကွာသို့ အရောက်၌ CDF အမည်ခံ အကြမ်းဖက် သမားများက မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ ပစ်ခတ် တိုက်ခိုက်မှုကြောင့် ဒေါ်ရှန်းနမ်ကျဲမှာ ဦးခေါင်း ကျည်ထိမှန်ဒဏ်ရာဖြင့် ဖြစ်စဉ်နေရာ၌ပင် သေဆုံးခဲ့ပြီး ဦးကောလျန်နှင့် ဦးကပ်ထန် ဟရဲတို့နှစ်ဦးတွင် လက်နက်ငယ် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူခြင်းဖြစ်ကြောင်း သိရှိရသည်။

**ရွံ့ရှာ မုန်းတီးလျက်ရှိ**

အဆိုပါ ဖြစ်စဉ်နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ ခရီးသွား ပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သည့် CDF အမည်ခံအကြမ်းဖက် သမားများအား တိုင်းရင်းသား ပြည်သူများအနေဖြင့် ရွံ့ရှာ မုန်းတီးလျက်ရှိကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# မူဆယ်မြို့နယ်အတွင်း စက်သုံးဆီပြတ်တောက်မှုကြောင့် မော်တော်ယာဉ်များ ကုန်စည်ရောင်းဝယ်မှုနှင့် မြို့တွင်းသွားလာမှုအခက်အခဲရှိနေ

**မူဆယ် ဩဂုတ် ၁၂**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်း စက်သုံးဆီ ပြတ်တောက်မှုကြောင့် မော်တော် ယာဉ်များ ကုန်စည်ရောင်းဝယ်မှု နှင့် ခရီးသွားများ အခက်အခဲရှိ နေကြောင်း သိရသည်။

မူဆယ်မြို့နယ် မိုင်းယု(၁၀၅) မိုင် ကျေးရွာအုပ်စု မော်တောင်း ကျေးရွာကြား ပြည်ထောင်စု လမ်းမကြီးဘေးတွင် ပန့်ဆီဆိုင် စုစုပေါင်း ၂၂ ဆိုင်ရှိကြောင်း သိရ ပြီး လောလောဆယ်ဆီဈေးမငြိမ် မသက်မှုကြောင့် ဆီဆိုင်အချို့ ပိတ်ထားကြောင်းနှင့် အချို့ဆီဆိုင် များအနေဖြင့် ဆိုင်ကယ်များကို လီတာ ၃၀၀၀ မှ ၅၀၀၀ ဝန်းကျင် ခန့်သာရောင်းပေးပြီး မော်တော် ယာဉ်များအတွက် 92 /95 စက်သုံးဆီကို လီတာ ၂၀၀၀၀/ ၃၀၀၀၀ ဝန်းကျင်ခန့်သာ ရောင်းပေးသည့် ဆိုင်ရှိသလို လုံးဝရောင်းမပေးသည့် ဆိုင်များ လည်းရှိကြောင်း သိရသည်။



မူဆယ်မြို့ရှိ စက်သုံးဆီ ရောင်းဝယ်ရေး ဆိုင်အချို့လည်း စက်သုံးဆီ လုံးဝပြတ်တောက်နေ သည့်ဆိုင်ရှိသလို ရှိသည့်ဆိုင်များ အနေဖြင့်လည်း လိုသလောက် ရောင်းမပေးသည့်အတွက် ဒေသ အတွင်းပြေးဆွဲနေသည့် ယာဉ်ကြီး ယာဉ်ငယ်များနှင့် ခရီးသွားယာဉ် များအပါအဝင် ကုန်စည်စီးဆင်း နေသည့်ယာဉ်အားလုံး အခက် အခဲများရှိနေကြောင်း သိရသည်။

စက်သုံးဆီ ပြတ်တောက်မှု ကြောင့်လည်းကောင်း၊ လိုသ လောက်ဝယ်ယူ၍ မရသော ကြောင့်လည်းကောင်း မြို့တွင်း ပြေးဆွဲနေသည့် ယာဉ်အားလုံး အခက်အခဲများရှိနေသလို လားရှိုး- မူဆယ် - မန္တလေးပြေးဆွဲနေသည့် ကုန်တင်ယာဉ်များနှင့် ခရီးသည် ယာဉ်အချို့လည်း ဆီဝယ်မရ သဖြင့် လမ်းဘေးတွင် ခေတ္တ ရပ်တန့်နေသည့် ယာဉ်များလည်း ရှိနေကြောင်း သိရသည်။

ဒေသခံတစ်ဦးက “ဩဂုတ် ၇ ရက်လောက်ကစပြီး ဆီဆိုင် အချို့ပိတ်ထားတာတွေရှိပါတယ်။ အချို့ဆိုင်တွေလည်း လိုသလောက် ဝယ်လို့မရဘူး။ ဆီဝယ်ဖို့အတွက် လည်း ကားရော၊ ဆိုင်ကယ်ပါ တန်းစီနေရတယ်။ ဒါလည်း ဆိုင်တိုင်း မရဘူး။ ရရင်လည်း ငွေကျပ် ၂၀၀၀၀/ ၃၀၀၀၀ ဖိုးပဲ ဝယ်လို့ရတယ်။ အခု ရက်ပိုင်း မြို့ထဲမှာလည်း ကားတွေ အသွားအလာ ကျဲသွားတယ်။ အဓိက ဆီကြောင့်ပေါ့။ တစ်ခါ အချို့လည်း ခရီးသွားရင်း လမ်းမှာ ဆီပြတ်သွားလို့ ဘယ်မှဝယ်မရတဲ့ အတွက် တွန်းသွားတဲ့ဆိုင်ကယ် တွေရှိသလို ရပ်ထားတဲ့ မော်တော်ကားတွေလည်း မြင်တွေ့ နေရတယ်။ ဆီဘာကြောင့် ပြတ် တယ်။ ဘာကြောင့် လိုသလောက် ဝယ်လို့ မရတာလဲဆိုတာတော့ ဘယ်ဆိုင်မှတိတိကျကျ မပြောကြ ပါဘူး။ ဘာဘဲဖြစ်ဖြစ် စက်သုံးဆီ အမြန်ဆုံးရရှိဖို့နဲ့ ဈေးနှုန်းသင့်သင့် လျောက်ပတ်စွာနဲ့ ပြန်လည် ရောင်းချပေးနိုင်ဖို့ အတွက်ပဲ မျှော်လင့်နေပါတယ်” ဟု ပြော ကြားသည်။ **သန့်ဇင် (မူဆယ်)**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

ထားဝယ်မြို့နယ်၊ ကျိုက်ထိုမြို့နယ် နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီတွင် ထားဝယ်မြို့နယ် ကျောက်ရပ် ကျေးရွာအုပ်စု ပေါက်တိုင်းကျေးရွာရှိ တံတား စစ်ဆေးရေးဂိတ်တွင် ဇော်လွင် လေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၄၈၀၊ အိုက်စ် သုည ဒသမ ၀၆ ကီလိုနှင့် မြန်မာငွေကျပ် ၁ ဒသမ ၀၅ သိန်းတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ကျိုက်ထိုမြို့နယ် မရမ်းချောင်ပူးပေါင်း စစ်ဆေးရေး ဂိတ်တွင် စိုင်းအောင်လှ(ခ) စိုင်းအောင်လတ် မောင်းနှင်လာ သည့် TOYOTA AVANZA အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံ မြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာအဝေးပြေး ယာဉ် ရပ်နားစခန်းတွင် ဇင်မင်းထွန်း ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထား ကြောင်း သိရသည်။ **သတင်းစဉ်**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၂၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၇၅ | ၂၃၅၀ | ၂၄၄၅ | ၂၄၆၀ | ၂၃၆၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၀၅ | ၂၆၂၅ | ၂၈၅၅ |
| 95 Ron | ၂၃၉၀ | ၂၄၃၅ | ၂၄၃၅ | ၂၃၉၅ | ၂၄၃၅ | ၂၄၅၅ | ၂၄၄၀ | ၂၄၂၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၆၉၀ | ၂၉၂၅ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၅ | ၂၈၀၀ | ၂၇၉၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၄၀ | ၂၉၅၅ | ၃၂၂၅ |
| HSD (50 ppm) | ၂၇၃၀ | ၂၇၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၅ | ၂၈၇၀ | ၂၇၆၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၅ | ၃၀၃၀ | ၃၂၆၀ |
| HSD (10 ppm) | ၂၇၃၀ | ၂၇၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၅ | ၂၈၇၀ | ၂၇၆၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၅ | ၃၀၃၀ | ၃၂၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၁၃ | ၂၂၉၁ |
| 95 Ron | ၂၂၇၈ | ၂၃၅၇ |
| HSD (500 ppm) | ၂၅၃၇ | ၂၆၁၇ |
| HSD (50 ppm) | ၂၆၀၈ | ၂၆၉၀ |
| HSD (10 ppm) | ၂၆၀၈ | ၂၆၉၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မိုးညှင်းမြို့နယ်နှင့် သာစည်မြို့နယ်တို့၌ ငွေကျပ် ၆ ဒသမ ၆၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၄ ဒသမ ၂ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တို့၌ ငွေကျပ် ၆ ဒသမ ၆၃ ဘီလီယံကျော်တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၄၄ ဒသမ ၂ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၉ ရက် ညနေ ၅ နာရီခွဲက ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးစခန်း၌ မန္တလေးမှ မိုးညှင်းဘက်သို့ အောင်ဆွေဦး မောင်းနှင်ပြီး မင်းမင်းသန်းလိုက်ပါလာသည့် FOTON ခြောက်ဘီးမော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင်ပြောင်းဖူးစေ့အိတ်များအတွင်း ထည့်သွင်းသယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၂၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား မန္တလေးတိုင်းဒေသကြီးမှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၀ ရက် နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲကျကျေးရွာ ကျွဲကျချောင်းအနီး၌ မော်တော်ဆိုင်ကယ် သုံးစီးမှာ ဆာလာအိတ်များတင်ဆောင်ထားပြီး ရပ်တန့်ထားသည်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ အဆိုပါဆိုင်ကယ်သုံးစီးပေါ်တွင် တင်ဆောင်ထားသည့် ဆာလာအိတ် ၁၃ အိတ်အတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၆၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၄ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုးကြားကျေးရွာ ဂျာနယ် ထွက်ရှိ



၁၅-၈-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၁၆)တွင်
- ပဲပုပ်အထွက်ကောင်းစေသည့် နည်းစနစ်များ
- လယ်သမားများ ပြုပြင်ရမည့် စပါးအထွက်တိုးနည်းပညာများ
- မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုစနစ်နှင့် လက်ရှိဈေးကွက်အနေအထား
- ဝက်မများသားပေါက်ခြင်းနှင့် ဝက်သားပေါက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း
- နွှံ့ကဏန်းများအား စီးပွားဖြစ်မွေးမြူနည်း
- ကင်ဆာရောဂါနှင့် အစားအစာများ
- ဆူးချွန်များပါဝင်သော ကျောရိုးမဲ့ရေနေသတ္တဝါ သံပခြုပ်၏ ကျန်းမာရေး ကောင်းကျိုးများ
- ကျန်းမာရေးအတွက် အသုံးဝင်သည့် အုန်းရည် အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

## မယ်ဆိုင်မြစ်ရေ တာချီလိတ်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့ နံနက် ၉ နာရီ တိုင်းထွာချက်အရ မယ်ဆိုင်မြစ်ရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းရပ်ကွက်)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

### ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# (၃၆)ကြိမ်မြောက် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ဘားအံမြို့၌ကျင်းပ



ချည်ဖြူဖွဲ့မင်္ဂလာပြုပေးမည့် ဘိုးဘွားများနှင့် လူငယ်များ။

**ဘားအံ ဩဂုတ် ၁၂**

(၃၆)ကြိမ်မြောက် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၁ ရက် (ဝါခေါင်လပြည့်နေ့)က ဘားအံမြို့နယ် တောင်ကလေး ဖလုံပညာ့တဝေါင့် နှစ်သစ်ကူးကွင်း၌ ကျင်းပရာ ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ကလေးကျေးရွာပတ်ဝန်းကျင်ဒေသများမှ တိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကရင်အမျိုးသားအလံတော်အား အလေးပြုကြပြီး သဘာပတိက အမှာစကား ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ချည်ဖြူဖွဲ့ မင်္ဂလာအကြောင်း ပြောကြားပြီး ကရင်အမျိုးသားတို့၏ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအကြောင်း စာတမ်းနှင့် ချည်ဖြူဖွဲ့မင်္ဂလာတွင် ပါဝင်သော ပစ္စည်းခုနစ်မျိုးအဓိပ္ပာယ် စာတမ်းလွှာကို ကရင်တိုင်းရင်းသားမောင်မယ်များက ကရင် မြန်မာနှစ်ဘာသာဖြင့် ဖတ်ကြားတင်ပြကာ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ချည်ဖြူဖွဲ့မင်္ဂလာပြုလုပ်ပေးမည့် အဘိုးအဘွားများနှင့် မြေးမြစ်များက သတ်မှတ်နေရာများတွင် နေရာယူကြပြီး ကွဲချိုမှုတ်ချီးကျူးသံပေး၍ အဘိုးအဘွားများက လိပ်ပြာခေါ် ဆုတောင်းမှုမင်္ဂလာပြုကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများက ချည်ဖြူဖွဲ့မင်္ဂလာခံယူကြကာ ချည်ဖြူဖွဲ့မင်္ဂလာဆင်ယင်ကျင်းပနေစဉ်(လက်ချည်စဉ်)ကာလအတွင်း လူငယ်မောင်မယ်များက ကရင်တေးသီချင်းများဖြင့် သီဆိုညွှတ်ခံဖျော်ဖြေခဲ့ကြသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

# ရေဆင်းဆည်ရေသောက်စနစ်မှ ရေအသုံးချသူများအဖွဲ့အား နေပြည်တော်ကောင်စီဝင် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၂**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းဆည်ရေသောက်စနစ်မှ ရေအသုံးချသူများအဖွဲ့ တွေ့ဆုံပွဲကို ရေဆင်းကျေးရွာ ရေဆင်းဆည်ရေလှောင်တမံ ရှင်းလင်းဆောင်၌ ဩဂုတ် ၁၁ ရက်က ကျင်းပသည်။

တွေ့ဆုံပွဲတွင် ဇေယျာသီရိမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးချစ်ကြည်မောင်က ရေဆင်းဆည်မှ မိုးစပါးစိုက်ပျိုးရေပေးဝေမှု အခြေအနေနှင့် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင်က စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကလိုအပ်ချက်သည် ရေဖြစ်၍ စိုက်ပျိုးရေကို လိုအပ်သလောက်သာ ချွေတာသုံးစွဲရန်လိုအပ်ကြောင်း၊ ရေအသုံးချသူများအဖွဲ့အနေဖြင့် သက်ဆိုင်သည့် ဌာနများနှင့် ပူးပေါင်းကာ စိုက်ပျိုးရေ ရယူသုံးစွဲမှုလုပ်ငန်းများတွင် တက်ညီလက်ညီ စည်းစည်းလုံးလုံး ဆောင်ရွက်ခြင်းဖြင့် ရေပေးရေယူကိစ္စသာမက စိုက်ပျိုးရေးကဏ္ဍအသီးသီးတွင်လည်း အချင်းချင်း ရိုင်းပင်းကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာပြီး စိုက်ပျိုးရေပြည့်စုံလုံလောက်စွာရရှိကာ သီးနှံအထွက်နှုန်းတိုး၍ သီးထပ်စွမ်းအားများ စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။ ဆည်ရေပေးဝေမှုစနစ်တွင် ရေအသုံးချသူများအဖွဲ့(WUG) ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် တောင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်လာနိုင်သည့်အတွက် မိမိတို့စိုက်ကွင်းဧရိယာများအတွင်း ရေပေး၊ ရေယူစနစ်များကို အကောင်းဆုံး အခြေအနေဖြစ်အောင် ကိုယ်တိုင်ပါဝင်စီမံနိုင်ပြီး မိမိတို့စိုက်ပျိုးထားသည့် သီးနှံပုံစံနှင့် ကိုက်ညီမှုရှိသည့် ရေပမာဏကို လိုအပ်ချိန်အတိအကျ ပူးပေါင်းရယူနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိခံစားလာနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ဇေယျာသီရိမြို့နယ် ရေဆင်းရေလှောင်တမံမှ မိုးစပါး ၈၉၄၁ ဧက၊ မကျီးပင်ရေလွှဲဆည်မှ ဧက ၃၄၀ သို့ စိုက်ပျိုးရေပေးဝေရန် လျာထားပြီး လက်ရှိတွင် ရေဆင်းဆည်ရေသောက်စနစ်မှ ၇၄၁၉ ဧကနှင့် မကျီးပင်ရေလွှဲဆည်မှ ၁၄၃ ဧက စိုက်ပျိုးပြီးစီးကာ ဆီထွက်သီးနှံဆောင်းနေကြာ ၃၁၉ ဧက စိုက်ပျိုးရေပေးဝေရန် လျာထားကြောင်းသိရသည်။




**မြို့နယ်(ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ နောင်ဘိုကန် အဆင့်မြှင့်တင်မှုများဆောင်ရွက်

**ဟိုပုံး ဩဂုတ် ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၃၅၀ ဖြင့် ဟိုပုံးမြို့ တောင်ရပ်ကွက်ရှိနောင်ဘိုကန်၌ ကျောက်ရိုးစီမြေကာနံရံတည်ဆောက်ခြင်း အပါအဝင် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအဖြစ် နောင်ဘိုကန်တာပေါင် အလျားပေ ၂၆၀၀ ၌ မြေညှိ၊ ခြံရှင်းခြင်း လုပ်ငန်းများကို လည်းကောင်း၊ ကန်မြေကာနံရံ အလျားပေ ၂၄၀၀၊ အမြင့်ငါးပေ ကျောက်စီခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ကန်ပတ်လည်တိုင်စိုက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ကန်တာပေါင်ပတ်လည်၌ အလျားပေ၂၄၀၀၊ အကျယ် ၁၂ ပေ သဲလမ်းခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်နေခြင်းဖြစ်သည်။

နောင်ဘိုကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဇွန် ၃ ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေအသုံးပြုမှုများ ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**





ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်တင်ပို့မည့်ယာဉ်တစ်စီး။

# ဩဂုတ်လပထမပတ်အတွင်း ကချင်ပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာခြောက်သိန်းဖိုး တင်ပို့နိုင်ခဲ့

**မြစ်ကြီးနား ဩဂုတ် ၁၂**

ကချင်ပြည်နယ်ရှိ လွယ်ဂျယ်နှင့် ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၅ ရက်အထိ တင်ပို့ကုန် အမေရိကန်ဒေါ်လာ ၆၈၆၉၄၁ ဒသမ ၄၃ ဒေါ်လာဖိုး တင်ပို့ခဲ့ကြောင်း မနော်မြေကုန်သွယ်မှုဗဟိုဌာနမှ သတင်းထုတ်ပြန်ထားသည်။

လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၃၅၅၈၆၀ ဒသမ ၃၅ ကန်ဒေါ်လာဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၃၃၁၀၈၁ ဒသမ ၀၈ ဒေါ်လာ ဖြစ်သည်။ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ ရော်ဘာနှင့် အင်ကြင်းကျောက်များဖြစ်ကြောင်း သိရသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ လယ်ထွန်စက်များ၊ အပ်ချည်ကြိုးများ၊ ဇာနှင့် ဇာထိုးထားသော အထည်အလိပ်များ၊ ရုပ်မြင်သံကြားစက်များ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် ချုပ်ပြီးအဝတ်အထည်များ တင်သွင်းမှုရှိခဲ့သည်။

ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၇၅၆၂၅ တင်သွင်းမှုရှိခဲ့ပြီး လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၄၄၃၁၉ ဒသမ ၆ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏ တန်ဖိုးမှာ ကန်ဒေါ်လာ ၄၁၉၉၄၄ ဒသမ ၆ ရှိခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ဖော်ပြထားသည်ကို တွေ့ရသည်။

**ကိုရိုး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၈-၂၀၂၂ စနေနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | ပေဋ္ဌာသုတ်၊ရတနသုတ်၊မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၄၅ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၂၀ | ရှုလေမြင်လေ ကမ္ဘာမြေ |
| ၀၈:၃၅ | ဒီမိုကရေစီဆိုရာဝယ် | ၁၇:၄၀ | ကြံ့ဖတ်မှသည် ကုန်ချောနှစ်မျိုးဆီသို့ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၀:၃၀ | လူငယ်ရေးရာအစီအစဉ် | ၁၈:၃၀ | သုတဝေဖြာ သီရိဂေဟာ |
| ၁၁:၅၀ | တိုင်းရင်းသားရိုးရာ အစားအစာ ချက်ပြုတ်နည်းများ | ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၁၁၄) |
| ၁၂:၃၀ | မြန်မာဇာတ်လမ်းတွဲ **'အချစ်ရဲ့ အိပ်မက်တန်ဖိုး'** (အပိုင်း-၈) | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၃:၃၀ | MRTV National News | ၂၁:၀၀ | (၃၀)ဖြာမဏ်လာ (ဦးနန္ဒဝင်း ရေးသားပူဇော်တင်ဆက်သည်) **'ကာလေနဓမ္မဿဝနံ'** |
| ၁၄:၃၅ | Weekly MNL Review | ၂၂:၀၀ | ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း |
| ၁၆:၃၅ | ပုံပြင်ကမ္ဘာအစီအစဉ် **'တူသောအကျိုး'** | | |

### mitv

07:00 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
07:08 Weekly Review
07:24 Next Generation "Bon Bon" Drummer
07:37 Fantastic Orchid Garden From The Flower City
07:46 Myanmar Family Life: Let's play Riddle Game
08:00 Quiz Time (Ep-17)
09:01 News
09:26 Global Partnership for Brighter Future: USA Pavilion at Expo 2020 Dubai
09:36 Topical Science Topic: Beauty of Marine Life
10:01 Entrepreneur: Dr. Thin Nwe Win
10:09 Nga Laik Sakhanthar Elephant Camp

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့

**ချင်း (လိုင်ဇို) (၀၇:၀၀ မှ ၀၈:၀၀)**
ကိုယ်တိုင်မိတ်ကပ်လိမ်းခြယ်နည်း

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၅)

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ရာသီအလိုက်မွန်ရိုးရာပွဲတော်များ

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ထုတ္တနဲ့သိမ်ပုထိုးတော်ကြီးသမိုင်း

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
မုန့်လုံးပြုလုပ်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ပြုပြင်ရှုမြင် မြန်ပြည်တစ်ခွင်

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၉)

**ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဂေါ်ရန်ဂျီကျွန်း သဘာဝအလှ(အပိုင်း-၁)

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်စာပေစကားပြောကြရအောင်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၁၅ | ကျန်းမာခြင်းဖြင့် ခန္ဓာကိုယ်ကြီးထွားစေခြင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား'** |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆) |
| ၁၁:၀၀ | နိုင်ငံတကာရွေးချယ်တင်မြှောက်ပုံစနစ် (ဆွစ်ဇာလန်နိုင်ငံ) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၆) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၇:၀၀ | ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ် |
| ၀၇:၁၀ | ဆေးပက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး |
| ၀၈:၅၀ | ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ ပဲမုန့်မျိုးစုံစားသုံးကြပါစို့ (ပဲစင်းငုံပဲပူတင်း) |
| ၀၉:၄၅ | အနာဂတ်ဝင်ငွေတိုးစေဖို့ မျိုးကောင်းသရက်စိုက်ကြစို့ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ် နိုင်

ရန်ကုန် ဩဂုတ် ၁၂

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## အုတ်တွင်းမြို့နယ်၌ ပုံစံ ၆၆/၆ Database ရေးသွင်းမှု ရာနှုန်းပြည့်ပြီးစီး

အုတ်တွင်း ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ပုံစံ ၆၆/၆ Database ရေးသွင်းမှု ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုနှင့် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုံစံ ၆၆/၆ Database ရေးသွင်းမှုရာနှုန်းပြည့်အောင်မြင်စွာပြီးစီးအောင် ဆောင်ရွက်ခဲ့ကြသည့် မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုမှအုပ်ချုပ်ရေးမှူးများနှင့် စာရေးများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီက ကျေးဇူးတင်ကြောင်း ဂုဏ်ပြုစကားပြောကြားသည်။ အိမ်ထောင်စု လူဦးရေစာရင်းရေးသွင်းမှု စီမံချက်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်၍ အချိန်မီပြီးစီးအောင် တာဝန်သိစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၂ ဦးအား တစ်ဦးလျှင်ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၈၀၀၀၀ကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ယာပုံ)**



အုတ်တွင်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၀ ရှိပြီး အိမ်ထောင်စုလူဦးရေ ၂၉၆၉၀ ရှိကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂-၈-၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၉၀၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၈၈၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၈၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၅၀ ကျပ် | ၂၅၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၂၅ ကျပ် | ၂၆၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၄၅ ကျပ် | ၂၂၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၁၀ ကျပ် | ၂၃၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၆၃ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၃၂ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၉ . ၃၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၄ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၂ . ၅၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၁၁ . ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၃၅၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆၉၀၀ | ၇၀၀၀ | ၁၅၆ | ၁၀၉၁၈၀၀ |
| MTSH | ၂၄၅၀ | ၂၄၅၀ | ၃၄၂၇ | ၈၄၀၀၆၀၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၃ | ၂၀၇၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၁၃ | ၂၃၄၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၃၀၀ | ၂၄၀၀ | ၄၉၉ | ၁၁၄၈၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁ | ၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ယခုတစ်ပတ်မှာတော့ ပရီမီယာလိဂ်ပွဲစဉ် (၂) ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ပွဲစဉ် (၂) မှာ အာဆင်နယ်နဲ့ လက်စတာ၊ ဘရန့်ဖို့ဒ်နဲ့ မန်ယူ၊ ချယ်ဆီးနဲ့ စပါးစတဲ့အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေပါတယ်။ ဒါကြောင့် ပွဲစဉ် (၁) မှာ ရလဒ်မကောင်းခဲ့တဲ့ အသင်းတွေအနေနဲ့ ပွဲစဉ် (၂) မှာ ရလဒ်ကောင်း ရရှိသွားမလား သို့မဟုတ် ရလဒ်ဆိုးတွေနဲ့ ဆက်လက်ကြုံတွေ့သွားမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။



| ပရီမီယာလိဂ်ပွဲစဉ် (၂) | |
|---|---|
| ၁၃-၈-၂၀၂၂ | စနေနေ့ |
| ဗီလာ - အဲဗာတန် | ည ၆း၀၀ |
| အာဆင်နယ် - လက်စတာ | ည ၈း၃၀ |
| ဘရိုက်တန် - ကာဆယ် | ည ၈း၃၀ |
| မန်စီးတီး - ဘုန်းမောက် | ည ၈း၃၀ |
| ဆောက်သမ်တန်-လိဒ်စ် | ည ၈း၃၀ |
| ဝုဖ် - ဖူလ်ဟမ် | ည ၈း၃၀ |
| ဘရန့်ဖို့ဒ် - မန်ယူ | ည ၁၁း၀၀ |
| ၁၄-၈-၂၀၂၂ | တနင်္ဂနွေနေ့ |
| နော်တင်ဟမ် - ဝက်စ်ဟမ်း | ည ၇း၃၀ |
| ချယ်ဆီး - စပါး | ည ၁၀း၀၀ |
| ၁၅-၈-၂၀၂၂ | တနင်္လာနေ့ |
| လီဗာပူး - ပဲလေ့စ် | နံနက် ၁း၃၀ |

# ပွဲစဉ် (၂) မှာ မန်စီးတီးရဲ့ တိုက်စစ်ကို ဘုန်းမောက် ဟန့်တားသွားနိုင်မလား

## အာဆင်နယ် VS လက်စတာ

နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု
အာဆင်နယ် ၂-၀ လက်စတာ
လက်စတာ ၀-၂ အာဆင်နယ်

အဖွင့်ပွဲစဉ်မှာ အာဆင်နယ်အသင်းက နိုင်ပွဲရရှိထားပြီး လက်စတာအသင်းက သရေကျထားတယ်။ ဒါကြောင့် နိုင်ပွဲရရှိဖို့ ခြေကုန် ထုတ်လာမယ့် လက်စတာကို အာဆင်နယ်အသာရဖို့ မလွယ်ဘူး။ ပဲလေ့စ်အသင်းနဲ့ပွဲစဉ်မှာ အာဆင်နယ်အသင်းရဲ့ခြေစွမ်း ကောင်းမွန်မှုမရှိခဲ့ဘဲ အဆုံးသတ်သေချာလို့သာ နိုင်ပွဲရရှိခဲ့တာပါ။ ပြိုင်ဘက်လက်စတာအသင်းက ဘရန့်ဖို့ဒ်အသင်းကို သရေကျခဲ့တယ်ဆိုပေမယ့် ကစားပုံကောင်းမွန်မှုရှိတယ်။ ခက်ခက်ခဲခဲကစားရပြီး လက်စတာအသင်း နိုင်ပွဲရဖွယ်ရှိတယ်။

## ဘရန့်ဖို့ဒ် VS မန်ယူ

နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု
မန်ယူ ၃-၀ ဘရန့်ဖို့ဒ်
ဘရန့်ဖို့ဒ် ၁-၃ မန်ယူ

အပိုင်အခွင့်အရေးရရှိသည့်တိုင် ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိတဲ့ မန်ယူအသင်းရဲ့ တိုက်စစ် လိုအပ်ချက်များစွာရှိနေတာကြောင့် ယခုပွဲစဉ်မှာလည်း ဘရန့်ဖို့ဒ်အသင်းကို ခက်ခက်ခဲခဲကစားရဖွယ်ရှိတယ်။ ဒါပေမယ့် နောက်ဆုံး လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ မန်ယူအနေနဲ့ ဘရန့်ဖို့ဒ်ကို မဖြစ်မနေ နိုင်ပွဲရရှိဖို့ အားစိုက်ကစားလာမှာ သေချာပါတယ်။ ဘရန့်ဖို့ဒ်ကလည်း ခံစစ်မာကျောတဲ့ အသင်းဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး မန်ယူအသင်း ကပ်နိုင်ဖွယ်ရှိတယ်။

## ချယ်ဆီး VS စပါး

နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု
ချယ်ဆီး ၂-၀ စပါး
စပါး ၀-၁ ချယ်ဆီး

ပွဲစဉ် (၁) မှာ ချယ်ဆီးအသင်းရော စပါးအသင်းပါ နိုင်ပွဲကိုယ်စီရရှိထားတယ်။ ဒါကြောင့် ပွဲစဉ် (၂) မှာလည်း နှစ်သင်းစလုံးနိုင်ပွဲရရှိဖို့ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာ သေချာပါတယ်။ လူကာကူ၊ ဝါနာတို့ အသင်းက ထွက်ခွာသွားသော်လည်း ချယ်ဆီးအသင်းရဲ့ တိုက်စစ်ပိုင်းက ထက်မြက်နေဆဲဖြစ်ပြီး ပြီးခဲ့တဲ့ပွဲစဉ်မှာ ပြိုင်ဘက်အသင်းကို ဂိုးကန်သွင်းခွင့် အကြိမ်ကြိမ်ပြုလုပ်ထားနိုင်တာတွေ့ရတယ်။ စပါးအသင်းကလည်း တိုက်စစ်ပိုင်းထက်မြက်ပြီး ခံစစ်ပိုင်းကျစ်လျစ်တာကြောင့် အကြိတ်အနယ် ရှိလာမှာပါ။

## မန်စီးတီး VS ဘုန်းမောက်

နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု
မန်စီးတီး ၂-၁ ဘုန်းမောက်
မန်စီးတီး ၂-၁ ဘုန်းမောက်

တန်းတက်ဘုန်းမောက်အသင်းရဲ့ခြေစွမ်းက ပွဲစဉ် (၁) မှာ ကစားရခက်တဲ့ အက်စ်တွန်ဗီလာလိုအသင်းကို ဂိုးပြတ်နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တာတွေ့ရတယ်။ ချန်ပီယံမန်စီးတီးအသင်းကလည်း အသင်းမှ အဓိက ကစားသမားအချို့ ထွက်ခွာသွားသည့်တိုင် အသင်းရဲ့ စုဖွဲ့မှုအား ယိမ်းယိုင်သွားခြင်းမရှိဘဲ အသစ်ခေါ်ယူထားတဲ့ တိုက်စစ်မှူး ဟာလန်း ခြေစွမ်းပြသထားနိုင်တာကြောင့် ယခုပွဲစဉ်မှာလည်း ပြိုင်ဘက်ကို မန်စီးတီးအသင်း အသာရဖွယ်ရှိတယ်။ ဘုန်းမောက်ထက် မန်စီးတီးအသင်း နိုင်ပွဲရရှိမယ်။

## ဂိုမက်ဇ်ကို ခေါ်ယူရန် မန်စီးတီး သဘောတူညီမှု ရရှိ

မန်စီးတီးအသင်းသည် စပိန်ယူ-၂၁ ခံစစ်ကစားသမား ဆာဂျီယိုဂိုမက်ဇ်ကို ပေါင် ၁၁ သန်းဖြင့် ခေါ်ယူရန် အန်ဒါလက်ချ်အသင်းနှင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။ မန်စီးတီးအသင်းသည် ပြီးခဲ့သည့်သီတင်းပတ်က ပေါင် ၆၂ ဒသမ ၅ သန်းဖြင့် ချယ်ဆီးအသင်းကို ပြောင်းရွှေ့သွားသော ကူကူရယ်လာကို ခေါ်ယူရန် မအောင်မြင်သောကြောင့် ယခုအခါ ဂိုမက်ဇ်ကို ခေါ်ယူရန် လုပ်ဆောင်လာခြင်းဖြစ်သည်။ ဘာစီလိုနာအကယ်ဒမီထွက်ကစားသမားဖြစ်သော ဂိုမက်ဇ်သည် အန်ဒါလက်ချ်အသင်းသို့ မပြောင်းရွှေ့မီတွင် ဟူစကာအသင်း၌ နှစ်ကြာ အငှားကစားခဲ့သူဖြစ်သည်။



# ယူအီးအက်ဖ်အေ စူပါဖလားကို ငါးကြိမ်မြောက် ကိုင်မြှောက်ခွင့်ရရှိခဲ့သည့် ရီးရဲမက်ဒရစ်

ယူအီးအက်ဖ်အေ စူပါဖလားဗိုလ်လုပွဲအဖြစ် ရီးရဲမက်ဒရစ်အသင်းနှင့် ဖရန့်ဖတ်အသင်းတို့ပွဲစဉ်ကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ဖင်လန်နိုင်ငံ ဟယ်စင်ကီအားကစားကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အဆိုပါဖလားကို အသင်းသမိုင်းတစ်လျှောက် ငါးကြိမ်မြောက် ကိုင်မြှောက်ခွင့် ရရှိခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို အလာဘာနှင့် ဘင်ဇီမာတို့က ပွဲချိန် ၃၇ မိနစ်နှင့် ၆၅ မိနစ်တို့တွင် သွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါပွဲစဉ်တွင် ဖရန့်ဖတ်အသင်းသည် သာမန်ခြေစွမ်းအောက် ရောက်နေခဲ့ပြီး ရီးရဲမက်ဒရစ်အသင်း၏ ဖိအားပေးမှုကို ပွဲချိန်တစ်လျှောက်ခံခဲ့ရသည်။ ထို့အပြင် ဖရန့်ဖတ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် စုစုပေါင်း ခြောက်ကြိမ်ထက်မနည်းရှိခဲ့ရာ ဂိုးပေါက်တည့်မတ်မှု သုံးကြိမ်ရှိခဲ့ပြီး ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။

ပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းက ဖရန့်ဖတ်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် စုစုပေါင်း ၁၃ ကြိမ်ထက် မနည်းရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ခုနစ်ကြိမ်တွင် သွင်းဂိုးနှစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။




## ဒီဂျောင်နှင့် အူဘာမီယန်ကို ချယ်ဆီးခေါ်ယူလို

ပရီမီယာလိဂ်ကလပ် ချယ်ဆီးအသင်းသည် နယ်သာလန်ကွင်းလယ်ကစားသမား ဖရန့်ကီ ဒီဂျောင်နှင့် ဂါဘွန်တိုက်စစ် ကစားသမား အူဘာမီယန်တို့ကို ဘာစီလိုနာအသင်းက ရောင်းထုတ်မည်ဆိုပါက ခေါ်ယူသွားဖွယ်ရှိကြောင်း သိရသည်။

ဒီဂျောင်သည် ပြီးခဲ့သည့်လက ပေါင် ၇၂ သန်းဖြင့် အိုးထရက်ဖို့ဒ်သို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့သော်လည်း ချန်ပီယံလိဂ် ဝင်ခွင့်ရရှိထားသည့် ချယ်ဆီးအသင်းသို့သာ ပြောင်းရွှေ့ဖွယ်ရှိနေသည်။ အူဘာမီယန်သည် ဇန်နဝါရီလက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဘာစီလိုနာအသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး လက်ရှိဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိနေသေးသည်။

ချယ်ဆီးနည်းပြ တူချယ်သည် အပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီတွင် ဗဟိုခံစစ်ကစားသမားတစ်ဦးနှင့် တိုက်စစ်ကစားသမားတစ်ဦးကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

## နောက်ဆုံးရသတင်းတိုများ

- ဗြိတိန်နိုင်ငံတစ်ဝန်း အပူချိန်မြင့်တက်လျက်ရှိသည့်အတွက် ယခုတစ်ပတ်အတွင်း ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်များ၌ ရေသောက်နားချိန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဗြိတိန်မိုးလေဝသဌာနသည် အင်္ဂလန်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်း၊ ဝေးလ်နိုင်ငံအနှံ့အပြားတွင် အပူချိန်မြင့်မားမှုသတိပေးချက် ထုတ်ပြန်ထားပြီး အပူချိန်သည် အမြင့်ဆုံးအဖြစ် ၃၇ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။
- ကမ္ဘာ့ဖလားပြိုင်ပွဲသည် ယခင်စီစဉ်သတ်မှတ်ထားသည့် ရက်ထက် တစ်ရက်စောပြီး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ကနဦးတွင် ကမ္ဘာ့ဖလားပြိုင်ပွဲအဖွင့်ပွဲစဉ်ကို နိုဝင်ဘာ ၂၁ ရက်၌ ဆီနီဂေါနှင့် နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားရန်စီစဉ်ထားသော်လည်း တစ်ရက်စောကျင်းပမည်ဖြစ်သည့်အတွက် အိမ်ရှင်ကာတာအသင်းက အီကွေဒေါအသင်းနှင့် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

■ မိုးဇက် - စုစည်းသည်


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**




## ဟိုတယ်အဆင့်မီတိုက်နှင့်မြေကွက်လေလံတင်ရောင်းချမည်။

ဗဟုဇနသုခဆုတောင်းပြည့် စေတီတော်၊ ဓာတ်လှေခါးလှူဒါန်းတပ်ဆင်နိုင်ရန် အတွက် အိမ်၊ခြံ၊မြေ၊အထူး ဈေးရောင်းချပွဲကို (၁၄.၈.၂၀၂၂)နေ့ နံနက်(၉)နာရီ အချိန်တွင် အဆိုပါ ရောင်းချပေးမည့် တိုက်နှင့်မြေကွက်တည်နေရာ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အေးချမ်းစွာ အပန်းဖြေ နေထိုင်လိုသူ များနှင့် စီးပွားရေးလုပ်ငန်းရှင်းနီးမြှုပ်နှံလိုသူများ အချိန်မီ လက်မလွတ်တန်း လာရောက်၍ ဝယ်ယူအားပေးနိုင် ကြပါကြောင်း သတင်းကောင်းပါးအပ်သည်။

အသေးစိတ်အချက် အလက်များကို ဗဟုဇနသုခဆုတောင်းပြည့်စေတီတော် ထိမ်းသိမ်းစောင့် ရှောက်ရေး ဂေါပကအဖွဲ့၊ ဓာတ်လှေခါးတပ် ဆင်ရေးအထူးရံပုံငွေရှာဖွေရေးအဖွဲ့ဥက္ကဋ္ဌထံ ဖုန်းဆက်၍ မေးမြန်း စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၉၅၀၀၀၆၇၃၊ ၀၉၄၂၈၆၂၄၃၆၃

ဗဟုဇနသုခဆုတောင်း ပြည့်စေတီတော်၊ အောင်ချမ်းသာရွာ၊ ပြင်ဦးလွင်မြို့နယ်။ ကြည့်ရှုလာရောက် အားပေးသူများအားလုံးကို ကြက်ဆီထမင်း အအေးများဖြင့် ကျွေးမွေးလှူဒါန်းဧည့်ခံပါမည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မြဝတီခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၆၄

ဒေါ်မိမေဇင်ဦး နှင့် ဦးမင်းအောင်မိုး
တရားလို တရားပြိုင်

မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်းတွင်နေထိုင်သူ(ယခုလိပ်စာမသိ) တရားပြိုင် ဦးမင်းအောင်မိုး သိစေရမည်။

သင့်အပေါ်တွင် တရားလိုက မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ် (၁၁) ဖြိုဟ်တုရှေ့အကွက်၊ ဦးပိုင်/မြေကွက်အမှတ် ၁၂၇၊ မြေဧရိယာ (၄၀x၆၀)ပေရှိ ခြံမြေကွက်ကို ခြံမြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ (သို့မဟုတ်) အမှုနှင့်စပ်ဆိုင်၍ ချေပပြောဆိုနိုင်သူ တစ်ဦးဦး ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်)(တနင်္လာနေ့) နံနက် ၁၀နာရီတွင် အထက်ပါ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် မြဝတီခရိုင်တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည်အထက်ကဆိုခဲ့သည့်ရက်တွင် လာရောက်ရန်ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နိုင်ဝင်းစိုး)
ဒုတိယခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန
## အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊ အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ မန္တလေးနည်းပညာတက္ကသိုလ်အတွက် ဓာတ်ခွဲခန်းသုံး ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းအတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် စက်ပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာပုံစံများကို ၁၁-၈-၂၀၂၂ရက် မှ ၂၅-၈-၂၀၂၂ရက် အထိ ရုံးချိန်အတွင်း မန္တလေးနည်းပညာတက္ကသိုလ် ငွေစာရင်း ဌာနတွင် ရောင်းချပေးသွားမည်ဖြစ်ပြီး ၂၆-၈-၂၀၂၂ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ကြိုတင်အကြောင်းကြားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ်၊ ငွေစာရင်းဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း- ၀၉-၄၄၄၀၃၁၈၀၆ နှင့် ဖုန်း-၀၉-၄၄၄၀၀၇၉၂၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
မန္တလေးနည်းပညာတက္ကသိုလ်

## ကန့်ကွက်နိုင်ပါကြောင်း

